ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်၊ ကြာသပတေးနေ့၊ (3-6-2004) (၄၂၅၃)

ဗြဟ္မစရိယဥ္စ တေံ မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

> နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရေစကြိုမြို့နယ် မင်းရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဇွန် ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင် ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)



စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏စပါးကျီဖြစ်ရမည်ဟု သတ်မှတ်လုပ်ကိုင်နေ ဒေသဖွံ့ဖြိုးမှု လျင်မြန်စေရန် စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ပစ္စည်းများ အသုံးပြု

ရန်ကုန် ဇွန် ၂

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၃၁ရက် နံနက် ၇နာရီတွင် ပခုက္ကူတက္ကသိုလ်လေးထပ်ပင်မဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား စီမံကိန်းတာဝန်ခံ ဦးယုတင်က တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မြေကျင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပခုက္ကူ–ရေစကြို ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရှိ သမိုင်းဝင်စည်သူရှင်မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သမိုင်းဝင်စည်သူရှင်ဘုရား ဘက်စုံပြုပြင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစံဌေးက လက်ခံယူသည်။**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၄–၂၀၀၅ ခုပညာသင်နှစ် မဟာပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူးနှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့လေးနှစ်သင်တန်း၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းနှင့် အလယ်တန်း ဆရာအတတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဝင်များ၊ စစ်ကိုင်းတပ်နယ်မှ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ☆

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၃–၆–၂၀၀၄
(ကြာသပတေးနေ့)

မြန်မာ–မလေးရှား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်မလေးရှားနိုင်ငံဝန်ကြီးချုပ်ဒါတိုဆီရီအဗ္ဗဒူလာ ဘင်ဟာဂျီအာမက်ဘာဒါဝီ၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၁ရက်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

မြန်မာနှင့်မလေးရှားနိုင်ငံတို့သည် အရှေ့တောင်အာရှဒေသရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းရေးအတွက် အပြန်အလှန်လည်ပတ်မှုများ ပိုမိုဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိစဉ် ပူထရာဂျာရာမြို့ရှိ ဝန်ကြီးချုပ်ရုံးရှေ့၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့ကြသည်။

မလေးရှားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့အကြား သီးသန့်အထူး အစည်းအဝေးကို ဇွန်လ ၁ ရက်နေ့က မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံး ပဥ္စမထပ်ရှိ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို အဆိုပါဝန်ကြီးချုပ်ရုံး တတိယထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မြန်မာ–မလေးရှားနှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များက နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး အထူးသဖြင့် ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **မြန်မာနိုင်ငံသည်မလေးရှားနိုင်ငံနှင့် ဆက်ဆံရေးကိုများစွာတန်ဖိုးထားပါကြောင်း၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ ကိစ္စရပ်များတွင်မလေးရှားနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ပြီး ထောက်ခံမှုများပေးသဖြင့် အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်မလေးရှားနိုင်ငံသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို ဝမ်းမြောက်စွာ မြင်တွေ့ရကြောင်း၊ နှစ်နိုင်ငံအကြားတည်ရှိပြီးသောချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သွားနိုင်ရန် ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင်ဟာဂျီ အာမက် ဘာဒါဝီက **ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ခရီးစဉ်အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အပါအဝင် စီးပွားရေးဆက်ဆံမှုများကို ပိုမိုတိုးချဲ့လုပ်ဆောင်သွားရန်ဆန္ဒရှိကြောင်း၊ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟု ယူဆပါကြောင်း** ထုတ်ဖော်ပြောကြားသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ မလေးရှားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှု အပါအဝင် စီးပွားရေးဆက်ဆံမှုများ ပိုမိုတိုးချဲ့ရေးတို့အတွက် ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မလေးရှားနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–မလေးရှား နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေပြီး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရင်းရင်းနှီးနှီး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့နှင့် IPPF တို့ ပူးပေါင်း ဆောင်ရွက်သည့် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်ရေး စီမံချက်၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လူငယ်လူရွယ် အကျိုးဆောင်များ မွမ်းမံသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကား ပြောကြားပြီး နောက်သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

လူငယ်လူရွယ်အကျိုးဆောင်များ မွမ်းမံသင်တန်းဖွင့် ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ရေး စီမံချက်၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လူငယ်လူရွယ် အကျိုးဆောင်များ မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းစနာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအဆောက်အအုံ ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M-Assifi နှင့် တာဝန်ရှိသူများ၊ဂုဏ်ထူးဆောင်နာယကကြီးများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီ နာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ခုခံကာလသား စီမံချက်မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်အကျိုးဆောင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေကအဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M-Assifi က အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

အဆိုပါ မွမ်းမံသင်တန်းသို့ပြည်နယ်နှင့်တိုင်းများနှင့် MSI တို့မှ လူငယ်အကျိုးဆောင် ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၆ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။
(သတင်းစဉ်)

၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ပိုစတာပြိုင်ပွဲတွင် သရုပ်ဖော်ရေးဆွဲရမည့် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် Statistical Girl၊ မြန်မာဘာသာဖြင့် **"ပညာကျန်းမာခွင့်လမ်းသာ ပြည့်စုံလှပ မိန်းကလေးဘဝ၊ စာရင်းအင်းနှင့် ညွှန်းဆိုပြ"** ဖြစ်သည်။ ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့် ခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက် ၆ နှစ် မှ ၈နှစ်၊ အဆင့်(၂)တွင် အသက် ၉ နှစ်မှ ၁၂ နှစ်၊ အဆင့်(၃)တွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အဆင့်(၄)တွင် အသက် ၁၆ နှစ်မှ ၁၈ နှစ်၊ အဆင့်(၅)တွင် အသက် ၁၉ နှစ်နှင့်အထက်ရှိသူများဖြင့် သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ပြိုင်ပွဲကိုပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများက ကြီးမှူး၍ပြည်နယ်/တိုင်းမြို့တော်များရှိသတ်မှတ်ထားသောနေရာများ၌ ဇွန်၁၂ရက် (စနေနေ့)၌ကျင်းပမည်ဖြစ်ရာ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပေးမည့် ၁၅လက်မ x ၂၀လက်မ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ဇွန် ၉ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည် ဖြစ်သည်။ အဆင့်(၅)ကို အလွတ်တန်းဖိတ်ခေါ် ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ၁၈လက်မx၂၄လက်မအရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာပြည်နယ်/တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင် ရေးဦးစီးဌာနများသို့ ဇွန် ၁၄ ရက်အရောက် သို့မဟုတ် ပြည်သူ့အင်အားဦးစီးဌာန ရုံးချုပ် ရန်ကုန်မြို့သို့ ဇွန် ၂၇ ရက် အရောက်ပေးပို့ရမည်။ ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်သူများသည် ပြည်သူ့အင်အားဦးစီးဌာန ရုံးချုပ်သို့ ဇွန် ၂၇ ရက်အရောက် တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ်ငါးသောင်း၊ ဒုတိယဆု ငွေကျပ်လေးသောင်း၊ တတိယဆု ငွေကျပ်သုံးသောင်းနှင့် အထူးဆုနှစ်ဆုအဖြစ် ငွေကျပ်နှစ်သောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်ခုနစ်သောင်း ငါးထောင်၊ ဒုတိယဆုငွေကျပ် ငါးသောင်း၊ တတိယဆုငွေကျပ်လေးသောင်းနှင့် အထူးဆုနှစ်ဆုအဖြစ် ကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ကြည့်ရှုနိုင်ပြီး ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်မည့်သူများအနေဖြင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ်တွင် ကြည့်ရှုနိုင်သည်။

အလားတူ ၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံး (မြန်မာဘာသာဖြင့်) ပြိုင်ပွဲများကို **"ပညာကျန်းမာခွင့်လမ်းသာ ပြည့်စုံလှပ မိန်းကလေးဘဝ၊ စာရင်းအင်းနှင့် ညွှန်းဆိုပြ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

စာစီစာကုံးပြိုင်ပွဲကို အထက်တန်းအဆင့် ၈၊ ၉၊ ၁၀ တန်းနှင့် အလယ်တန်းအဆင့် ၅၊ ၆၊ ၇ တန်း အဆင့် နှစ်ဆင့်ခွဲ၍ ပြည်နယ်/တိုင်း မြို့ကြီးများ၌ ဇွန် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။ ဆုများကို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့အတွက် ပထမဆု ငွေကျပ်သုံးသောင်း၊ ဒုတိယဆု ငွေကျပ်နှစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်နှစ်သောင်းနှင့် အထူးဆုနှစ်ဆု တစ်ဆုလျှင် ငွေကျပ်တစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

ဗဟိုအဆင့် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်မြို့၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး စာစီစာကုံး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ဆုရရှိသူများထံ ပေးပို့မည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ဥက္ကဋ္ဌ ဦးနု၊ ဒုတိယညွှန်ကြားရေးမှူး(ပညာ) အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်) ဖုန်း–၂၁၀၅၈၃ နှင့် အတွင်းရေးမှူး ဦးချစ်ရင် ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း–၃၇၂၉၆၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ (သတင်းစဉ်)

ကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင်များ နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ် (အီရတ်) မေ ၃၁

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် နာဂျက်ဖ်မြို့တွင် တနင်္ဂနွေနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ နောက်လိုက်များအကြား ပြုလုပ်ထားသော သဘောတူညီချက်တစ်ရပ်သည် ပျက်ပြားသွားပြီဖြစ်သည်။ ရှီးယိုက် လက်နက်ကိုင်တပ်သားများက အပျော်စီးကားတန်းကို ဘဂ္ဂဒက်တွင်တိုက်ခိုက်ရာ လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းအပျော်စီး ကားများမှာ သေနတ်ဖြင့် တရစပ် အပစ်ခံရပြီးနောက် ပျက်စီးသွားပြီး လက်နက်ကိုင်များ ယာဉ်များဖြင့်ထွက်ပေါ်လာပြီး အနောက်နိုင်ငံသားပုံစံပေါက်သူငါးဦးသို့မဟုတ် ခြောက်ဦးကို တရွတ်တိုက်ဆွဲထုတ်ခဲ့ကြသည်။

လွတ်မြောက်

တိုက်ခိုက်မှုအပြီး လက်နက်ကိုင် အနောက်နိုင်ငံသားများသည် ပျက်စီးနေသည့် အပျော်စီးကားများပေါ်မှ ခုန်ချကာ ဖြတ်သန်းသွားသော ကားတစ်စီးကို သေနတ်ဖြင့် ချိန်ကာ ထွက်ပြေး လွတ်မြောက်သွားကြောင်း အခြားမျက်မြင်တွေ့ရှိသူ ဇာလန်နှင့် ဟတ်ဆစ်တို့က ပြောကြားသည်။

စွပ်စွဲ

အယ်လ်ဆာဒါသည် တိုက်ခိုက်မှု အဆုံးသတ်ရေး သဘောတူညီချက် လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း အမေရိကန်ခန့်ထားသည့် အုပ်ချုပ်ရေးမှူးက စွပ်စွဲပြောကြားပြီးနောက် တစ်ရက်တွင် နာဂျက်ဖ်တွင် ယင်းသို့ အပြန်အလှန် တိုက်ခိုက်မှုများပေါ်ပေါက်ခြင်းဖြစ်သည်။

သေဆုံး

အီရတ်တစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တနင်္ဂနွေနေ့ ညနေပိုင်းကလည်း နာဂျက်ဖ်မြို့လယ်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးလုံးကြီးများ ထွက်ပေါ်လာခဲ့သည်။ ဘဂ္ဂဒက်မြို့တော်တွင် ဖော်ပြပါအတိုင်း သေနတ်ဒဏ်ရာများကြောင့် ပျက်စီးခဲ့ရသည့် အပျော်စီးကားအနီးတွင် အီရတ်နိုင်ငံသားများက ကခုန်မြူးထူး ကောင်းချီးသြဘာပေးနေကြပြီး အပျော်စီးကားနှစ်စီးအား မီးတင်ရှို့လိုက်ကြသည်။ ၎င်းကားများပေါ်တွင် လူမည်မျှလိုက်ပါလာပြီး မည်သည့်နိုင်ငံသားများမှန်းလည်း မသိရပေ။ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုအတွင်း အီရတ်တစ်ဦး သေဆုံးခဲ့ပြီး ၎င်း၏ကိုယ်ဝန်ဆောင်ဇနီးနှင့် ၎င်း၏သားတို့ ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှ ဆရာဝန်ဖြစ်သူ အဗ္ဗဒူလာက ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ကားဗုံးပေါက်ကွဲ

ဇွန် ၁ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် စုရုံးရောက်ရှိလာသည့် အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်မေလသည် ကန်တပ်ဖွဲ့ဝင်များအတွက် သွေးမြေအကျဆုံး တတိယမြောက်လဖြစ်

ကူဖာ မေ ၃၁

အီရတ်နိုင်ငံတွင် အောက်မေ့ဖွယ်နေ့က အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးထက်မနည်း သေဆုံးခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံးသူဦးရေသည် ခန့်မှန်းခြေအားဖြင့် ၈၁၀ အထိ ရောက်ရှိလာသည်။

ကူဖာမြို့တွင် ရှီးယိုက်တွန်းလှန်တိုက်ခိုက်ရေးသမားများနှင့် ဆက်လက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာတွင် နောက်ဆုံးဖြစ်စဉ်များ၏ သေဆုံးမှုကို ထည့်တွက်ပါက ၂၀၀၃ ခုနှစ်တွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ယခုနှစ်မေလသည် သွေးမြေအကျဆုံး တတိယမြောက်လ ဖြစ်သည်။

သေဆုံး

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၄ ခုနှစ် မေလသည် အမေရိကန် အမျိုးသားအစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့များအတွက် အန္တရာယ်အကြီးဆုံး လဖြစ်သည်။ မေလအတွင်း အမေရိကန်အရန်တပ်ဖွဲ့ဝင် ၂၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

အစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့ဝင်များအတွင်း သေဆုံးသူဦးရေ မြင့်တက်ကြောင်း အမေရိကန် စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် လွန်ခဲ့သည့်လအနည်းငယ်အတွင်း အမေရိကန်တပ်ဖွဲ့က တပ်ဖွဲ့ဝင်သစ်အများအပြား စုဆောင်းနေမှုကို ဟန့်တားလိုက်သလိုဖြစ်သွားသည်။ အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၃၈၀၀၀ အနက် ၄၀ ရာခိုင်နှုန်းမှာ အစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြစ်သည်။

လျော့နည်း

ယခုနှစ်မေလတွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံးသူဦးရေသည် သွေးမြေအကျဆုံးလဖြစ်သည့် ဧပြီလအောက်သို့ လျော့နည်းခဲ့သည်။ ဧပြီလအတွင်းက အမေရိကန်တပ်ဖွဲ့ဝင် ၁၃၄ ဦး သေဆုံးခဲ့သည်။ မေလတွင် တပ်ဖွဲ့ဝင်သေဆုံးသူဦးရေ ၇၉ ဦးခန့်ရှိရာ ၂၀၀၃ ခုနှစ် နိုဝင်ဘာလက သေဆုံးခဲ့သည့် ၈၃ ဦးအောက်လျော့နည်းခဲ့သည်။ နိုဝင်ဘာလသည် အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက် ဒုတိယအများဆုံးလဖြစ်သည်။

သေဆုံးသူမြင့်မား

ဧပြီလအတွင်း အမေရိကန်မရိန်းတပ်ဖွဲ့နှင့် အီရတ်လက်နက်ကိုင်များအကြား ဆွန်နီများ၏ ခြေကုပ်စခန်းဖြစ်သည့် ဖော်လူဂျာနှင့် ရှီးယိုက်အများစုနေသည့် ဘဂ္ဂဒက်တောင်ပိုင်းဒေသများတွင် တိုက်ခိုက်မှုများမြင့်မားကာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသူဦးရေ မြင့်မားလာခြင်းဖြစ်သည်။

မေလအတွင်း တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၀ ဦးရှိသည်။

အင်တာနက်။

အီရတ်ရာပေါင်းများစွာကို အဘူဂါရိပ်ထောင်၌ ဖမ်းဆီးထားဆဲ

ဝါရှင်တန် ဇွန် ၁

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်မှ အီရတ်အကျဉ်းသားများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို လုံခြုံရေးအရ ခြိမ်းခြောက်နိုင်သည့် အထောက်အထားမရှိသော်လည်း ရာပေါင်းများစွာသော အဆိုပါ အကျဉ်းသားများကို ယင်းအကျဉ်းထောင်တွင် ကာလကြာရှည်စွာ ဆက်လက်ဖမ်းဆီးထားလျက်ရှိကြောင်း အစီရင်ခံစာတစ်ရပ်အရ သိရှိရသည်။

ယင်းအစီရင်ခံစာသည် အီရတ်အကျဉ်းသားများအား လွှတ်ပေးရန် ဘဂ္ဂဒက်ရှိ အမေရိကန် ထိပ်တန်းတပ်မှူးများက ငြင်းဆိုမှုနှင့် စပ်လျဉ်း၍ အီရတ်ရှိ တာဝန်ရှိပုဂ္ဂိုလ်များက နက်ရှိုင်းစွာ စိုးရိမ်ပူပန်မှုရှိကြောင်း ပြောကြားခဲ့မှုကို ထင်ဟပ်နေကြောင်း တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့က ရေးသားသည်။

အချို့သော အကျဉ်းသားများကို အဘူဂါရိပ်ထောင်မှ အခန်းကျဉ်းကလေးအတွင်း စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းထားရာ အကျဉ်းထောင်အတွင်း အဆိုးရွားဆုံးသော ညှဉ်းပန်းမှုများပေါ်ပေါက်ရာ နေရာဖြစ်လာခဲ့ကြောင်း ယင်းအစီရင်ခံတွင် ဖော်ပြထားသည်။

အချို့သော အီရတ်အကျဉ်းသားများမှာ အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် အမြင်မကြည်လင်ရှိရုံသာရှိပြီး အခြားအကြောင်းပြချက်များ မရှိဘဲနှင့် လပေါင်းများစွာ ဖမ်းဆီးခံထားရသူများဖြစ်ကြောင်း စစ်ဘက်အစီရင်ခံစာအား ကိုးကား၍ဖော်ပြပါ သတင်းစာက ရေးသားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာကို လွန်ခဲ့သည့် ဆောင်းဦးရာသီက ဗိုလ်ချုပ်ဂျေရိုင်ဒါက ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံရှိ ထိပ်တန်း အမေရိကန်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီးဆန်ချေ့စ်ထံသို့ ပေးပို့သည့် အစီရင်ခံစာသည် အီရတ်နိုင်ငံအတွင်းရှိ ထောင်တွင်းမှ တွေ့ဆုံမေးမြန်းမှုများကို အခြေခံ၍ ရေးသားပြုစုထားခြင်းဖြစ်ပြီး ယင်းအစီရင်ခံစာတွင် အဘူဂါရိပ်ထောင် နှိပ်စက်ညှဉ်းပန်းမှုများကို ဖော်ပြထားခြင်း မရှိခဲ့ပေ။

သို့ရာတွင် ယင်းသို့ အကျဉ်းသားရာပေါင်းများစွာကို အကျဉ်းထောင်အတွင်း ဆက်လက်ချုပ်နှောင်ထားမှုကြောင့် ခြောက်လကြာမြင့်သည့်တိုင် အမှုကိစ္စများ ပြန်လည်သုံးသပ်ရန် ထုထောင်ထားသည့်စနစ်ကို ထိခိုက်နိုင်ကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

အဘူဂါရိပ်ထောင်မှ ညှဉ်းပန်းနှိပ်စက်မှုသတင်းသည် လွန်ခဲ့သည့်လအတွင်းက လူသိရှင်ကြားဖြစ်ခဲ့ပြီး ကတည်းက အမေရိကန်စစ်ဘက်က ယင်းထောင်မှ အကျဉ်းသားများကို စတင်လွှတ်ပေးနေသည်။ သောကြာနေ့ တစ်နေ့တည်းတွင်ပင် အကျဉ်းသား ၆၂၄ ဦးကို ယင်းထောင်မှ လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၂၉ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးရှေ့တွင် အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်သိမ်းပိုက်ထားမှုကို ဆန့်ကျင်ဆန္ဒပြသူများနှင့် အီရန်ရဲတပ်ဖွဲ့ဝင်များ အဓိကရုဏ်းဖြစ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ငြိမ်းချမ်းရေးတည်ဆောက်ရန် အိန္ဒိယနှင့် အီရန်ခေါင်းဆောင်များ တိုက်တွန်း

တီဟီရန် မေ ၃၁

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုပြန်လည်တည်ဆောက်ရန် အထူးလိုအပ်ကြောင်းဖြင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

ခံယူ

ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးခံရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ၎င်းအား အီရန်သမ္မတ မိုဟာမက်ခါတာမီက သောကြာနေ့တွင် တယ်လီဖုန်းဆက်ပြောကြားစဉ် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်မှ ထွက်ခွာပေးရေးသည် အီရတ်နိုင်ငံ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် ကြိုတင်လိုအပ်ချက်ဖြစ်သည်ဟု အီရန်အစိုးရကခံယူကြောင်း သမ္မတခါတာမီက ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံကလည်း အီရန်နိုင်ငံ၏သဘောထားခံယူချက်အတိုင်းရှိကြောင်းဖြင့် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောဆိုသည်။

အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းချမှု တိုက်ဖျက်ရေးတွင် မိမိတို့နှစ်နိုင်ငံ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း အီရန်သမ္မတခါတာမီက တိုက်တွန်းပြောဆိုသည်။ ***အင်တာနက်။***

နိုင်ငံခြား သတင်းများ

အီရတ်တွင် သွေးထွက်သံယိုမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်

အီရတ်ပြဿနာကြောင့် လေဘာပါတီကို ထောက်ခံမှုများ ကျဆင်းနေကြောင်း တိုနီဘလဲ ဝန်ခံ

လန်ဒန် ဇွန် ၁

အီရတ်နိုင်ငံတွင် သွေးထွက်သံယိုမှုဖြစ်ရပ်များ ထပ်မံပေါ်ပေါက်ဦးမည်ဖြစ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက တနင်္လာနေ့တွင် သတိပေးပြောကြားလိုက်သည်။ အီရတ်နိုင်ငံသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး ဆုံးဖြတ်ချက်ကို သီတင်းပတ်အနည်းငယ်အတွင်း ချမှတ်မည်ဖြစ်ကြောင်း တိုနီဘလဲက ပြောကြားသည်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ အခြေစိုက် စခန်းသို့ ထွက်လာသည့် အမေရိကန် စစ်ယာဉ်တန်းကို ဇွန် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံသည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၃၀၀၀ ကို ထပ်မံစေလွှတ်မည်ဟု မျှော်လင့်ရသည်။

အီရတ်တွင် ဗြိတိန်နိုင်ငံ၏ စစ်ရေးတည်ရှိမှု ဆက်လက်ရှိနေဦးမည်ဖြစ်သော်လည်း ၂၀၀၅ ခုနှစ် ဒီဇင်ဘာလထက် နောက်မကျဘဲ မိမိတို့၏တပ်ဖွဲ့အင်အားကို လျှော့ချရန် မိမိလိုလားကြောင်း ဘီဘီစီရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတွင် တိုနီဘလဲက ပြောကြားသည်။

အီရတ်နိုင်ငံသည် အသွင်ကူးပြောင်းရေးကာလအတွင်းသို့ ဝင်ရောက်နေစဉ်တွင် ဘေးအန္တရာယ် အများဆုံး အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ ဇွန် ၃၀ ရက်တွင် အီရတ်နိုင်ငံသို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးအပ်ခြင်း မရှိမီ သွေးထွက်သံယိုမှုများ ထပ်မံပေါ်ပေါက်မည်ဖြစ်ကြောင်း၊ လာမည့်လများတွင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်စဉ်အတွင်း တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပေါ်နေနိုင်ကြောင်း ဘလဲက ပြောကြားသည်။

တိုနီဘလဲသည် ၎င်း၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့်ပတ်သက်၍ ပြည်သူများ၏ ထောက်ခံအားပေးမှု ကျဆင်းနေမှုကို တွေ့ကြုံနေရသည်။ အီရတ်နိုင်ငံပြဿနာနှင့်ပတ်သက်၍ကိုင်တွယ်ဆောင်ရွက်ရာတွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူနေရသည့် မိမိအနေဖြင့် အခက်အခဲများကို ပိုမိုတွေ့ကြုံလာနေရကြောင်း၊ အီရတ်နိုင်ငံပြဿနာသည်လည်း သဘောကွဲလွဲမှုများကို ဖြစ်ပေါ်စေကြောင်း ၎င်းက လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အီရတ်ပြဿနာကြောင့် ဗြိတိသျှအစိုးရအပေါ် လေဘာပါတီ၏ ထောက်ခံမှုကျဆင်းရသည်မှာ သံသယဖြစ်ဖွယ်ရာ မရှိကြောင်း တိုနီဘလဲက ဝန်ခံပြောကြားသည်။

ဗြိတိန်နှင့် အမေရိကန်တို့သည် အီရတ်တွင် အချုပ်အခြာအာဏာ လွှဲပြောင်းပေးပြီးနောက် ပြည်ပတပ်များ၏ လုပ်ပိုင်ခွင့် အခွင့်အာဏာ သတ်မှတ်ရေးနှင့် ပတ်သက်၍ သဘောထား ကွဲလွဲနေသည်ဆိုသော ပြောဆိုချက်မှာ မှန်ကန်ခြင်းမရှိကြောင်း ဘလဲက ပြောကြားသည်။ အီရတ်နိုင်ငံတွင် ကြားဖြတ်အစိုးရအဖွဲ့က နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပေးမည်ဖြစ်ပြီး စစ်ဘက်ဆိုင်ရာတပ်မှူးများက စစ်ဆင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်တာနက်။

ကူဖာမြို့တွင် ဒုတိယမြောက်နေ့အဖြစ် တိုက်ပွဲဆက်လက်ဖြစ်ပွား

ကင်းလှည့်လာသော ကန်တပ်ဖွဲ့ဝင်များကို ပြောက်ကျားများက ချုံခိုတိုက်ခိုက်

ကူဖာ ဇွန် ၁

အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်တိုက်ခိုက်ရေးသမားများ ဒုတိယမြောက်နေ့အဖြစ် တနင်္လာနေ့က တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည်။ ထိုစဉ်အတွင်း အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဌာနချုပ်အနီးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်နှစ်ဦးထက်မနည်း သေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိသည်။

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်ကလည်း သီးခြားတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ချုံခိုတိုက်ခိုက်

ကူဖာမြို့တွင် တနင်္ဂနွေနေ့ညက တိုက်ပွဲစတင်ဖြစ်ပွားပြီး တနင်္လာနေ့ အစောပိုင်းအထိ တိုက်ပွဲဆက်လက်ဖြစ်ပွားသည်။ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား သစ္စာခံသည့် တိုက်ခိုက်ရေးသမားများသည်ကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့ဝင်များကို လက်နက်ငယ်များ အသုံးပြု၍ ချုံခိုတိုက်ခိုက်ခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်။ ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန် သံချပ်ကာကား တစ်စီးကိုလည်း ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ရှစ်ဦးဒဏ်ရာရ

တိုက်ပွဲဖြစ်ပွားမှုကြောင့် အီရတ်တစ်ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားကြသည်။

တံတိုင်းတစ်ခုပျက်စီး

ကူဖာမြို့ရှိ အဓိကကျသော အဆောက်အအုံတစ်ခုကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်ဟု ရှီးယိုက် တိုက်ခိုက်ရေးသမားများက ပြောကြားကြသည်။ ယင်းတိုက်ခိုက်မှုကြောင့် စကျင်ကျောက်ဖြင့် ပြုလုပ်သော အပြင်ဘက် တံတိုင်းတစ်ခု ပျက်စီးခဲ့ရသည်။

မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့ဌာနချုပ် အနီးတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ဒုတိယမြောက် ကားဗုံးပေါက်ကွဲမည့် အခြေအနေတစ်ရပ်ကို တားဆီးနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ရှင်းလင်းစွာ မသိရ

ပထမမြောက် ကားဗုံးပေါက်ကွဲမှုသည် အသေခံဗုံးဖောက်ခွဲခြင်း ဟုတ်၊ မဟုတ် ရှင်းလင်းစွာ မသိရသေးပေ။

အင်တာနက်။

မိုဆူးလ်မြို့တွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက် ရရှိသောဒဏ်ရာဖြင့် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၁

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

သေဆုံး

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ မိုဆူးလ်မြို့အနီးတွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည့် ဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမှတ်(၂) ခြေလျင်တပ်မ အမှတ်(၃)တပ်မဟာမှ တပ်ဖွဲ့ဝင်တစ်ဦး လွန်ခဲ့သည့်ရက်က ရရှိခဲ့သည့် စိန်ပြောင်းပေါက်ကွဲမှု ဒဏ်ရာဖြင့် မေ ၃၀ ရက်က သေဆုံးသွားကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

ဗုံးပေါက်ကွဲ

တနင်္ဂနွေနေ့က အခြားဖြစ်ရပ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် လမ်းဘေးထောင် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူများအား ရှေ့တန်းစစ်မြေပြင်ဆေးရုံသို့ သယ်ဆောင်သွားသည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၃၁ ရက် အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် အိမ်တစ်အိမ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် ကားဗုံးကွဲ နှစ်ဦးသေပြီး အများအပြား ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁

ဘဂ္ဂဒက်မြို့တွင် တနင်္လာနေ့က ကားဗုံးတစ်လုံး ပေါက်ကွဲရာ အနည်းဆုံး လူနှစ်ဦးသေဆုံးသွားပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် အခင်းဖြစ်ပွားရာ၌ ရှိနေသော ရဲများက ပြောကြားကြသည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်ပိုင်းတွင် ရိုက်တာသတင်းထောက် ရောက်ရှိလာသောအခါ မီးလောင်နေသော ကားနှစ်စီးကို တွေ့ရှိရကြောင်း၊ ထို့အပြင် သေဆုံးသူများနှင့် ဒဏ်ရာရသူများကို သူနာပြုယာဉ် ခြောက်စီးဖြင့် သယ်ယူသွားကြသည်ကို မျက်မြင်တွေ့သူများက ကြားသိရကြောင်း သတင်းပို့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ယခုအဖြစ်အပျက်သည် ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ဆိုကြသော်လည်း မျက်မြင်တွေ့ရှိရသူ အီရတ်များက စိန်ပြောင်း သို့မဟုတ် ဒုံးကျည်ကျရောက် ပေါက်ကွဲခြင်းဖြစ်ကြောင်း ရှုမြင်ကြသည်။ ပေါက်ကွဲသွားပြီးနောက်ပိုင်းတွင် အီရတ်အချို့က ဒဏ်ရာရသူများကို ကူညီပြုစုပေးကြပြီး အချို့က လွင့်စဉ်သွားသော ခန္ဓာအစိတ်အပိုင်းများကို ကောက်ယူသိမ်းဆည်းခဲ့ကြသည်။

ပြောက်ကျားများသည် ယခုလတွင် ကားဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှု အများအပြားကို ပြုလုပ်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုများတွင် အီရတ်အုပ်ချုပ်ရေးကောင်စီ အကြီးအကဲကို အသေခံ၍ ကားဗုံးခွဲခဲ့သည့် တိုက်ခိုက်မှုလည်း ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်အစိုးရက လူထုကို အီရတ်ကိစ္စအာရုံလွှဲရန်ရည်ရွယ် နိုင်ငံတွင်း အကြမ်းဖက်မှုအန္တရာယ်ရှိနေကြောင်း သတင်းထုတ်ပြန်

နယူးယောက် ဇွန် ၁

အမေရိကန်သမ္မတ အိမ်ဖြူတော်ရုံးသည် လူအများက အီရတ်အရေးကိစ္စများကို စိတ်ဝင်စားနေကြသည်ကို အာရုံလွှဲရန်ဟူသော ရည်ရွယ်ချက်ဖြင့် အမေရိကန်ကို အကြမ်းဖက်သမားများက တိုက်ခိုက်လာမည့် အန္တရာယ်ရှိနေသည် ဆိုသောသတင်းကို ထုတ်လွှင့်ခဲ့ဟန်ရှိကြောင်း မီဒီယာသတင်းတစ်ရပ်က ဖော်ပြလိုက်သည်။

ရေးသား

အီရတ်ကိစ္စများကြောင့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အပေါ် လူထုထောက်ခံမှုများ ကျဆင်းလာလျက်ရှိသည်။ သမ္မတဘုရှ်အစိုးရသည် လူထု၏ အာရုံကိုအီရတ်အရေး စိတ်ဝင်စားနေရာမှ အကြမ်းဖက်သမားများဆီသို့ အာရုံပြောင်းသွားစေရန် ဟူသောဆန္ဒဖြင့် အကြမ်းဖက်မှုအန္တရာယ်ရှိနေသည်ဟု သတင်းထုတ်လွှင့်လိုက်စရာ ရှိကြောင်း နယူးစ်ဝိခ်မဂ္ဂဇင်းက ရေးသားလိုက်သည်။

အထက်ပါသတင်းကို မဂ္ဂဇင်းက အစိုးရအရာရှိတစ်ဦးကို ကိုးကားပြီးရေးသားခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ သမ္မတသည် အမေရိကန် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) အကြီးအကဲ ရောဘတ်မူလာ၊ ရှေ့နေချုပ် ဂျွန်အက်ရှကော့ဖ်နှင့် အမိမြေလုံခြုံရေးအဖွဲ့ အတွင်းရေးမှူး တွန်ရစ်ဒ်တို့နှင့် တိုင်ပင်ပြီးနောက် အကြမ်းဖက်မှုအန္တရာယ် သတင်းကို ထုတ်လွှင့်ရန်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

အသိပေး

အက်ဖ်ဘီအိုင်အကြီးအကဲနှင့် အမေရိကန်ရှေ့နေချုပ်တို့သည်ပြီးခဲ့သောဗုဒ္ဓဟူးနေ့က အမေရိကန်တွင် အကြမ်းဖက်သမားများက တိုက်ခိုက်လာနိုင်စရာရှိကြောင်းကို သတင်းစာရှင်းလင်းပွဲပြုလုပ်၍ အသိပေးလိုက်ကြသည်။ ထိုသို့အန္တရာယ်ရှိကြောင်း သတင်းထုတ်လွှင့်ပြီးသော်လည်း နိုင်ငံ၏ လုံခြုံရေးအဆင့်မြှင့်တပ်လှန့်မှုကို ကြေညာခြင်းမရှိဘဲ ထားသည်ကို တွေ့ကြရကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ပီတီအိုင်။

မေ ၃၁ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် နေအိမ်ပျက်စီးသွားသဖြင့် ဝမ်းနည်းငိုကြွေးနေသည့် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွား လေကြောင်းခရီးစဉ်ပျံသန်းမှုများရပ်ဆိုင်း

မော်စကို ဇွန် ၁

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေမှုကြောင့် ယင်းနိုင်ငံသို့ပျံသန်းသည့် လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားရကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အီတာတာ့စ်သတင်းဌာနသို့ တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်သို့ ပျံသန်းသော လေကြောင်းခရီးစဉ်များသည် လုံခြုံရေးအခြေအနေအရ နိုင်ငံတကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေကြောင်း၊ အီရတ်နိုင်ငံ၌ ရုရှားစွမ်းအင်ကုမ္ပဏီမှ ဝန်ထမ်းများလိုက်ပါလာသော ဘတ်စ်ကားတစ်စီး တိုက်ခိုက်ခံခဲ့ရသဖြင့် နှစ်ဦးသေဆုံးပြီး လူအချို့ ဒဏ်ရာရရှိကြောင်း၊ ဘေးအန္တရာယ်ရှိသော ဒေသများသို့ ခရီးသည်တင်လေယာဉ်များပျံသန်းခြင်း ပြုလုပ်နိုင်မည်မဟုတ်ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပျံသန်းခြင်း မပြုရန် ရုရှားမြို့ပြလေကြောင်း တာဝန်ရှိသူများက တရားဝင်တားမြစ်ပိတ်ပင်ခြင်းမရှိသော်လည်း ဒေသတွင်းလုံခြုံရေးအခြေအနေအပေါ်မူတည်၍လေကြောင်းခရီးစဉ်များကိုပြေးဆွဲမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အင်တာနက်။

မေ ၃၁ ရက်က ဘဂ္ဂဒက်မြို့ ကောင်းကင်ယံတွင် ကင်းလှည့်ပျံသန်းနေသည့် အမေရိကန် ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၀၆ဦးရှိပြီ တိုက်ပွဲတွင်သေဆုံးသူ ၅၈၉ဦးဖြစ်

ဘဂ္ဂဒက် ဇွန် ၂

လွန်ခဲ့သည့်နှစ်က အီရတ်ကိုစစ်ဆင်ရေးများ စတင်ဆင်နွှဲတိုက်ခိုက်ချိန်မှ ယခုနှစ် ဇွန်လ ၁ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၀၆ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။ ၎င်းတို့အနက် တိုက်ပွဲတွင်သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၈၉ဦးရှိပြီး ကျန် ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

ထိုအတောအတွင်း အီရတ်တွင်သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်း ၅၈ဦးရှိကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီတလီက ၁၈ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေရီးယားက ခြောက်ဦး၊ ယူကရိန်းက လေးဦး၊ ပိုလန်က သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် နယ်သာလန်က တစ်ဦးစီ အီရတ်၌ သေဆုံးခဲ့သည်။

၂၀၀၃ခုနှစ်မေ ၁ရက်နေ့တွင်အမေရိကန်သမ္မတဘုရှ်က အီရတ်၌ တိုက်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၆၆၈ဦးရှိသည်။ ယင်းတို့အနက် တိုက်ပွဲတွင်သေဆုံးသူ ၄၈၀ဦးရှိပြီး၊ အခြားအကြောင်းကြောင့်သေဆုံးသူ ၁၈၈ဦး ရှိသည်။ ***(အင်တာနက်)***

အီရတ်အနောက်မြောက်ပိုင်းတွင်ယာဉ်တန်းတိုက်ခိုက်ခံရ ဗြိတိန်လေးဦးနှင့် အီရတ်တစ်ဦး လွတ်မြောက်လာ

လန်ဒန် ဇွန် ၁

အီရတ်အနောက်မြောက်ပိုင်းတွင် ပြီးခဲ့သော တနင်္ဂနွေနေ့က ဗြိတိန်အရပ်သား လေးဦးနှင့် အီရတ်တစ်ဦးတို့ စီးနင်းလိုက်ပါလာသော ယာဉ်တန်းတိုက်ခိုက်ခံခဲ့ရသော်လည်း ၎င်းတို့အားလုံး အသက်ဘေးမှလွတ်မြောက်ကြကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အခြားအီရတ်တစ်ဦးမှာ သေဆုံးခဲ့ရပြီး ယင်းအလောင်းကိုလည်း ပြန်လည်တွေ့ရှိပြီဖြစ်ကြောင်းသိရသည်။

ဗြိတိန်လူမျိုးလေးဦးနှင့် အီရတ်တစ်ဦးတို့သည် ၎င်းတို့ယာဉ်အတိုက်ခံရသောအခါ ယာဉ်ပေါ်မှထွက်ပြေးခဲ့ကြပြီး အနီးအနားတွင်ဖြတ်သွားသော အခြားအီရတ်ယာဉ်တစ်စီးနှင့် ထွက်ပြေးခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ဆိုသည်။

ဆက်လက်ပြောကြား

ဗြိတိန်လေးဦးမှာ ဒဏ်ရာရရှိခြင်းမရှိသော်လည်း အီရတ်တစ်ဦးမှာ ဒဏ်ရာရရှိထားသည်။ ၎င်း၏ဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိဟု ယုံကြည်ရကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

တနင်္ဂနွေနေ့က အဝေးပြေးလမ်းမပေါ်တွင် သေနတ်သမားများသည် ယာဉ်သုံးစီးပါဝင်သော ယာဉ်တန်းကို တိုက်ခိုက်ခဲ့ကြသည့်အတွက် အနောက်နိုင်ငံသား တစ်ဦး သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများကပြောကြားသည်။

မဖြစ်နိုင်

ထိုနေ့ကဖြစ်ပွားခဲ့သော ပစ်ခတ်မှုပြီးဆုံးသွားသောအချိန်တွင် အသက်ရှင်ကျန်ရစ်သူသုံးဦးကို တိုက်ခိုက်ရေးသမားများက ဖမ်းဆီးသွားကြောင်း ဒေသခံများနှင့် ရဲတပ်ဖွဲ့များက ပြောကြားကြသည်။ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ခဲ့သူများက အထက်ပါပြောကြားချက်မှာ မဖြစ်နိုင်ဟုယုံကြည်ကြသည်။

မီးတင်ရှို့

တိုက်ခိုက်ခံရ၍ပျက်စီးသွားသော ယာဉ်များပေါ်တွင် အီရတ်များကမြူးထူးစွာ အော်ဟစ်ခဲ့ကြသည်။ ထို့နောက်တွင် ပျက်စီးနေသောယာဉ်များကို မီးတင်ရှို့လိုက်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၃၁ ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းတွင် အီရတ်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် မီးလောင်နေသည့် အမေရိကန် စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆောင်းပါးစက်ရုံကုန်ချော(၄)

နိုးထရင်းပြုံးလာသော ကွမ်းခြံကုန်းမြို့နယ်

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

မြန်မာနိုင်ငံ၏ မြို့တော် ရွှေရန်ကုန်နှင့် ခြေတစ်လှမ်းအကွာအဝေး၌ တည်ရှိသောကြောင့် မြို့တော်ကြီး၏ ဖွံ့ဖြိုးတိုးတက်ခြင်းအရိပ်များ လွှမ်းမိုးရာ ဒေသတစ်ခုဖြစ်ပေလိမ့်မည်ဟု ထင်လျှင်သော်လည်းကောင်း၊ မြို့တော်ကြီးနှင့် အတူ ဖွံ့ဖြိုးပြုံးများ ဖုံးလွှမ်းနေလိမ့်မည်ဟုထင်လျှင်သော်လည်းကောင်း မှားဆို မှားမှ မှားပေလိမ့်မည်။ အရှင်းဆုံးဥပမာပေးရလျှင် မျက်လုံးက အနီးဆုံး ဖြစ်သည့် မျက်ခမ်းကို မမြင်နိုင်သောကြောင့် ဖြစ်ပါသည်။

မမြင်နိုင်လောက်အောင်ပင် ဒေသက မှုန်ဝါးနေခဲ့ပါ၏။ နယ်ချဲ့ခေတ် နှစ်တစ်ရာ ဘာဆိုဘာမျှ ဖွံ့ဖြိုးရိပ်မထင်ခဲ့သည့်ပြင် နယ်ချဲ့စနက်ကြောင့် လူမျိုးစွဲဥပါဒါန်ပြင်းထန်ပေါက်ကွဲရာဒေသတစ်ခုပင်ဖြစ်ခဲ့ရပါ၏။ လွတ်လပ်ရေး ကာလဝန်းကျင်တုန်းက နယ်ချဲ့စနစ်၏ စနက်ကြောင့် လူမျိုးစွဲ ဥပါဒါန်ဒဏ် စီးကြောင်းကြီးတစ်ခု ဖြစ်ပေါ်ခဲ့ရာ ယင်းဒဏ်စီးကြောင်းထဲသို့ ဒေသခံများ မြုပ်တုံပေါ်တုံစီးဝင်ခဲ့ရပြီး မိတကွဲဖတကွဲဖြင့်အသက်ကိုဖက်နဲ့ထုပ်ခပ်သုတ်သုတ် မြို့တက်ပြေးနိုင်ခြင်းကြောင့်သာ အသက်ဘေးမှလွတ်ခဲ့ရသူများထဲတွင် ဤအရှင်တို့ ပါဝင်ခဲ့ရခြင်း၊ မိသားစုဘဝ၏ ခနဥစ္စာ လယ်ယာ ကျွဲနွားဆုံးပါးလက်လွှတ် ရသည့် မိသားစုများထဲတွင် ဤအရှင်တို့ မိသားစုပါဝင်ခဲ့ရခြင်းတို့ကြောင့် တိုင်းရင်းသားအချင်းချင်း သွေးခွဲခံ သွေးကွဲခံရခြင်း၏ ရလဒ်ဆိုးကျိုးများကို အရွယ်နှင့်မမျှ ခံစားသိမြင်ခဲ့ရပါသည်ဆိုလျှင် သစ္စာကထာသာ ဖြစ်ပါသည်။

နယ်ချဲ့စနစ်၏ သွေးခွဲခံရ၍ သွေးကွဲခံရသည့်ဒဏ်စီးကြောင်းကြီး ဖြစ်ပေါ်ခဲ့ဖူးသော ယင်းနေရာဒေသသည် ရန်ကုန်ရွှေမြို့တော်ကြီးနှင့် မိုင် ၃၀ အကွာ ကွမ်းခြံကုန်းမြို့နယ် ဖြစ်ခဲ့ပါသည်။

(ခ)

လွတ်လပ်ရေးဝန်းကျင်ကာလ အနိဋ္ဌာရုံ အဝဝတို့ဖြင့် ဒုက္ခဝဲဂယက်တွင်း သက်ဆင်းခဲ့ရသည့်ကာလမှ လွန်မြောက်လာပြန်သည့်တိုင်အောင် ဒေသတစ်ခွင် တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ခြင်း၊ တောတွင်းအောင်း လက်နက်ကိုင်များ ရှိနေခဲ့ခြင်း၊ လယ်ယာစိုက်ပျိုးရေးကလည်း ဇောက်ချလုပ်ကိုင်သူများပင် ဝမ်းဝဖို့မျှသာဖြစ်ပြီး ခါးလှဖို့အထိ မဖြစ်ထွန်းနိုင်ခဲ့ခြင်း၊ ရေလုပ်ငန်းများက လည်း ထိုနည်းၫင်းဖြစ်ခဲ့ခြင်း၊ ရန်ကုန်မြို့နှင့် အဆက်အသွယ်ကောင်းလွန်းသူ အချို့သာ စီးပွားဥစ္စာဖြစ်ထွန်းခဲ့ခြင်း စသည် ခြင်း––ခြင်းတို့ကြောင့် ကွမ်းခြံကုန်းမြို့ကလေးသည် ကလေးအဆင့်မှ လူကြီးအဆင့်သို့ မြင့်တက် ထွားကျိုင်းမလာနိုင်ခဲ့ပါချေ။

သာဓကပြရလျှင် ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်း အတွဲ–၂၊ စာမျက်နှာ ၂၂၆ ၌ ပါရှိသော ကွမ်းခြံကုန်းမြို့ဓာတ်ပုံဖြစ်၏။ ကွမ်းခြံကုန်းမြို့ဓာတ်ပုံထဲ၌ မြို့ပြ၏အရိပ်အရောင်အငွေ့အသက်များ တစ်ရှုစာမျှ ရှိုက်ဖွယ်မမြင်ရဘဲ ကြာရွက်တွေ ဝေနေသော ရေကန်ကြီး၏ ဟိုမှာဘက်တွင် စေတီတော်တစ်ဆူနှင့် အာရုံခံတန်ဆောင်းတစ်ခုကိုသာတွေ့ရပြီး ကျန်အရာများ မှာ ထန်းပင်၊ အုန်းပင်၊ ငှက်ပျောပင်၊ ကုက္ကိုပင်ဟူသော တောသဘာဝသာ ဖြစ်လေ၏။ ယင်းသည်ပင် ထိုစဉ်က ကွမ်းခြံကုန်းမြို့ဖြစ်ပါဘိတော့၏။

ယင်းအချက်က ဘာကိုပြောနေသနည်းဆိုလျှင် နိုင်ငံ၏မိဘသဖွယ် ဖြစ်သော နိုင်ငံတော်အစိုးရတစ်ရပ်၏ စွမ်းရည်ကိုပြောနေပါ၏။ ဘယ်လို စနစ်မျိုးနဲ့ ဘယ်အစိုးရပဲတက်တက် တကယ့်တကယ် နိုင်ငံ့အကျိုးနှင့် ဒေသ အကျိုးကို ထိုအစိုးရက ဆောင်ရွက်ပေးနိုင်ပါသလား။ ဆောင်ရွက်နိုင်စွမ်း ရှိပါသလား ဆိုသည်ကသာ ပဓာနမှ ပဓာနစစ်စစ်ဖြစ်ပါ၏။ ကွမ်းခြံကုန်းမြို့ အနေဖြင့်မူ လွတ်လပ်ရေးခေတ် နှစ် ၄၀ ကာလပတ်လုံး ထိုစွယ်စုံကျမ်းပါ ဓာတ်ပုံအတိုင်းသာ တည်ရှိခဲ့ပြီး ထိုနှစ် ၄၀ အလွန် သည်မှာဘက် ၁၉၉၀ ပြည့် ကျော်ကာလ များရောက်လာမှသာ ကွမ်းခြံကုန်းမြို့သည် ဓာတ်ပုံထဲမှ နိုးထ လူးလွန့်လာရပါ၏။

(ဂ)

ဤအရှင်တို့သည် ဇာတိချက်ကြွေ မွေးရပ်မြေကို ရှင်သာမဏေ ဘဝ ကတည်းက ပညာရေးကြောင့် ခွာခဲ့ရပြီး ရှင်ရဟန်းတို့ပျော်ရာ မြို့မန္တလေး၌ ပညာသင်ကြား၍ ရဟန်းဘဝတွင်မူ ရှမ်းပြည်နယ်တစ်ခွင် ကျင်လည်ခဲ့ရင်း မွေးရပ်မြေသို့ ၄–၅ နှစ်တစ်ခေါက် သားချင်းများထံ အာဂန္တုခရီးပြန်ပြန်ရောက် ခဲ့ရာဝယ် ထိုကာလများတစ်လျှောက် ကွမ်းခြံကုန်းမြို့အဝင် ကြိခင်းတံတား ကလည်း သည်အတိုင်း သည်အတိုင်း၊ ကွမ်းခြံကုန်းမြို့ အလယ်မင်းပိုင်းတံတား ကလည်း သည်အတိုင်း သည်အတိုင်း၊ မြို့တောင်အရပ် တောင်ဘက်ပိုင်း တံတားကလည်း သည်အတိုင်း သည်အတိုင်း၊ ဤအရှင်သို့ သာမဏေဘောင် ကူးပြောင်းရာ ကျောင်းဖြစ်သည့် ဓမ္မိကာရုံကျောင်းကလည်း သည်အတိုင်း သည်အတိုင်း၊ ခမည်းတော်နှင့် အစ်မတော်ကြီးတို့ နေထိုင်ရာ စံပြရပ်ကွက်ရှိ အိမ်ကလည်း သည်အတိုင်း သည်အတိုင်း နောင်တော် ဦးထွန်းရည်နှင့် ဒေါ်ဝင်းကြိုင်တို့၏ဈေးပိုင်း ကမ်းနားလမ်းရှိ ထမင်းဆိုင်ကလေးကလည်း သည်အတိုင်း သည်အတိုင်း၊ ထို့အတူ တစ်မြို့လုံးရှိ လမ်းဈေးအိမ်ခြေ အထွေထွေ အပိုင်းပိုင်းတို့ကလည်း သည်အတိုင်း သည်အတိုင်းဖြင့် ‘သည်အတိုင်း ဓာတ်မျော’ မောသော်ရှိ မမောသော်ရှိ ခေတ်၏ဆိုင်းချက်အရ ကပြခဲ့ကြရာမှ ၃၁–၁၂–၁၉၉၅ ရက်စွဲတွင်မူ ယနေ့နိုင်ငံတော်အစိုးရက ကွမ်းခြံကုန်းမြို့လယ် မင်းပိုင်း တံတားဟောင်းကြီးကို အရှည် ၁၈၆ ပေ၊ အကျယ် ၂၈ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်ငါးပေစီရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားကြီး အဖြစ် သစ်သစ်လွင်လွင် ထင်ထင်တောက်တောက် တည်ဆောက်ပေးခဲ့ချိန်မှ စ၍ကား သည်အတိုင်းဓာတ်မျောပြည်ဖုံးကားချ၊ လှပသစ်လွင် ကားလိပ်ဖွင့်၊ မြင့်မားသော မြို့ပြအပွင့် ဝင့်ဝင့် ဝေလန်းလာပါလေတော့၏။

ထိုအခါက် မွေးရပ်မြေပြန်အရောက်တွင် အစ်မတော်ကြီးဒေါ်ကြည်က ဆီး၍ လျှောက်ထားသော စကားတစ်ခွန်းမှာ ယနေ့တိုင် နားထဲမှ မထွက်နိုင် သေးပါ။ “မောင်ပဉ္စင်းရေ–အစိုးရက ကွမ်းခြံကုန်းမြို့အတွက် အခုဆောက်ပေး လိုက်တဲ့ တံတားကြီးကတော့ မြို့နဲ့တောင်မတန်ဘူးဘုရား”တဲ့ နိုင်ငံတော် အစိုးရ၏ စေတနာကို သေချာစွာခံစားသိရှိသည့် အစ်မတော်ကြီး၏ ဥဒါန်းစကား ပါလေ။

(ဃ)

နိုင်ငံတော်အစိုးရက ကွမ်းခြံကုန်းဒေသသားများကို နိုးထအောင်လှုပ်နှိုးပေး သည့် ခရီးစဉ်များအဖြစ် နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများသည် ကွမ်းခြံကုန်း မြို့နယ်သို့ အကြိမ်ကြိမ်အကျော့ကျော့ ရောက်ရှိလာကြကာ မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့ကြပါကုန်၏။ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးစသည် ဘက်စုံ ထောင့်စုံ ကဏ္ဍစုံအဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်ရေးအားပေးစောင့်ရှောက်ချီးမြှောက် ပံ့ပိုးခဲ့ကြပါကုန်၏။ ထို့ကြောင့် တပ်မတော်အစိုးရဟူသော ဤမျက်လုံး သည်ကား မျက်ခမ်းကိုရော မျက်ခုံးကိုပါမက ကျောပြင်အပါအဝင် တစ်ကိုယ်လုံး ကို ဖြန့်ကြက်မြင်နိုင်စွမ်းရှိပါတကားဟူသည့် ခံစားချက်များဖြင့် ကွမ်းခြံကုန်း သားတို့ နိုးကြားလှုပ်ရှားလာပါကုန်တော့၏။

ယနေ့နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် အကြိမ်ကြိမ် ရောက်ရှိလာကာ ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ခြမ်း မုတ်ကျွန်းဒေသ လက်ခုပ်ကုန်းကမ်းခြေအရောက် ကားလမ်းဖောက်လုပ်ရေး၊ လက်ခုပ်ကုန်းကျေးရွာ လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ ကျောင်းဆောင်သစ်တိုးချဲ့ရေး၊ တိုက်နယ်ဆေးရုံသစ် တည်ဆောက်ရေး၊ ဆက်သွယ်ရေးစခန်းတည်ဆောက်ရေး စသည်တို့ကို လမ်းညွှန် မှာကြားခဲ့သည်မှ လက်ခုပ်ကုန်းကမ်းခြေ ဖွံ့ဖြိုးရေးနိုးထခဲ့၏။ ပင်လယ်ရေတိမ် ဖြစ်သောကြောင့် ရေမကြည်မပြာခြင်းမှလွဲ၍ လက်ခုပ်ကုန်းကမ်းခြေအလှက ရန်ကုန်မြို့တော်ကြီးသားတို့ကို အချိန်တိုအတွင်း မြို့ပြမွန်းကျပ်ခြင်း ပြေလျော့စေဖို့ ဖိတ်ခေါ်နိုင်လျက်သာ ရှိနေလေ၏။

ထို့ပြင် ထိုအကျော့ကျော့ခရီးစဉ်များအတွင်း ပညာရည်မြင့်မားရေးအတွက် ကွမ်းခြံကုန်းမြို့ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ကျောင်းဆောင်သစ်များ တိုးချဲ့ရေး၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ရေး ငွေကျပ် သိန်း ၈၀ ခန့် ဖြည့်ဆည်းပေးကာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ၁၃–၁–၂၀၀၂ ရက်စွဲမှာ ဖွင့်လှစ်ပေးခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံကို ဝင်းနှင့်အာရာမ်နှင့် တင့်တယ်သပ်ရပ်လာအောင် ပြုပြင်စေလျက် ဓာတ်မှန်ဆောင် ဆောက်လုပ်စေကာ ဓာတ်မှန်တပ်ဆင်စေခြင်း၊ အလျားပေ ၁၂၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၉ ပေရှိ တိုးချဲ့ လူနာဆောင် နှစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်စေခြင်း၊ ခွဲစိတ် ဆောင်နှင့် သားဖွားဆောင်များတိုးချဲ့စေခြင်းတို့ဖြင့် ဖြည့်ဆည်းပေးခြင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ ပင်လယ်ရေငန်တိုးဝင်လာခြင်းကြောင့် မိုးရာသီဝယ် လယ်ယာ များ ရေမြုပ်မှုမှ ကာကွယ်ပြီး နွေရာသီတွင် နွေစပါးအောင်ရေအပြည့်အဝပေးနိုင်ရန် ရည်ရွယ်လျက် လယ်ဧရိယာ ဧက ၂၁၄၀၀ အကျိုးပြုပေးမည့် ကွမ်းခြံကုန်းရေထိန်း တံခါးကြီးကို ကုန်ကျငွေကျပ်သိန်းပေါင်း ၁၈၅၀ ကျော် အကုန်အကျခံ တည်ဆောက်ပေးထားခြင်း၊ ထို့အတူ မြို့နယ်လုံးခြုံကာ တော်ခရမ်းကြီး ရေထိန်း တံခါး၊ ခလောက်တရာ ရေထိန်းတံခါ၊ ကမာကလွန်း ရေထိန်းတံခါး၊ ဝါးကောက်တောရေထိန်းတံခါး၊ ဒေးဒနော ရေထိန်းတံခါးစသည်များ တည်ဆောက် ပေးကာ လယ်ဧက ၉၉၃၀ ကို ထပ်မံအကျိုးပြုစေခြင်း၊ မြို့နယ်လုံးခြုံကာ ရေနုတ်မြောင်းပေါင်း ၂၂ မြောင်း၊ စုစုပေါင်းအလျားမိုင် ၄၅ ဒသမ ၁၅ မိုင် အထိ ဖောက်လုပ်ပေးခြင်းဖြင့် လယ်ဧက ၃၀၆၂၈ ဧက နွေစပါးအဖြစ် အကျိုးပြုပေးလျက်ရှိခြင်းတို့ကြောင့် ကွမ်းခြံကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး နှိုးထလှုပ်ရှား သန်မာထွားလာခဲ့ရပါ၏။

ယင်းသို့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံတိုးတက်လာသလို ကွမ်းခြံကုန်းမြို့နယ် ဘာသာရေး၊ သာသနာရေး များလည်း ရှေးယခင်ထက် ဆထက်ကဲသာ ထွန်းလင်းလာပါလေတော့၏။

ဤအရှင်တို့၏ ငယ်ဆရာကျောင်းဖြစ်သော ဓမ္မိကာရုံကျောင်းသည် ခေတ်၏ ဖွံ့ဖြိုးမှုနှင့်အတူ စာသင်တိုက်ကြီးအဖြစ် ထီးထီးမားမားငွားငွားစွင့်စွင့် ပွင့်ပွင့်ဝေဝေ ကျက်သရေဆောင် သာသနိကအဆောက်အအုံကြီးဖြစ်လာခဲ့၏။ ကျောင်းမုခ်ဦးနှင့်တကွ မဟာရာမ်တံတိုင်းဖြစ်ထွန်းလာခြင်း၊ ယခင်ကျောင်းအို၊ ကျောင်းဟောင်းကြီးများမှ သံကူကွန်ကရစ်တိုက်သစ်ကြီးများဖြစ်ထွန်းလာခြင်း၊ ယခင်သံဃာဆယ်ဂဏန်းမှ ယခုသံဃာရာဂဏန်းအထိတိုးပွားလာခြင်းတို့သည် တကယ်ပင် မုဒိတာ၏အာရုံများ ဖြစ်လျက်ရှိပါ၏။

ထိုဓမ္မိကာရုံကျောင်းတိုက်ကြီး၏ အာဒိနိမ္မိတဆရာတော်မှာ လယ်တီ ဆရာတော်ကြီး၏ တပည့်ရင်း လယ်တီ–ဦးသုရိန္ဒဖြစ်၏။ ဒုတိယဆရာတော် မှာလည်း လယ်တီ အနွယ်တော်ဖြစ်၍ လယ်တီ–ဦးကောသလ္လဟုကျော်ကြား၏။ ဓမ္မကထိကဖြစ်သည့်ပြင် ကျမ်းပြုဆရာတော်လည်းဖြစ်သဖြင့် “ကမ္ဘာ့ ရေချမ်း အိုးကြီး ဝိဇ္ဇာအလင်းရောင်” နိဗ္ဗာန်လက်ဆောင် ကျမ်းစာများရေးသား ထုတ်ဝေခဲ့၏။ တတိယဆရာတော်မှာလည်း လယ်တီအနွယ်ဝင်ဖြစ်၍ လယ်တီ– ဦးစာရိန္ဒဟု ဘွဲ့အမည်တွင်ခဲ့၏။ ထိုဆရာတော်မှာ ဤအရှင်တို့၏ခမည်းတော်နှင့် နောင်–ညီတော်စပ်ပြီး ဤအရှင်တို့အား သာသနာ့ဘောင်တွင်း သွင်းပေးခဲ့သည့် ဥပဇ္ဈာယ်ဆရာတော်ဖြစ်ပါသည်။

ဂဃနဏမသိသေးသည့် ကလေးအရွယ် ဆယ်ကြိုသက်ကာလကပင် သက်န်းဆည်းခဲ့ရပြီး ကကြီးခကွေး အိမ်မပြေး သင်ခဲ့ရလျက် လယ်တီအနွယ် ကျောင်းပီပီ စာအုပ်၊ စာပေများအုံလိုက်ကျင်းလိုက်ရှိနေရာ ထိုထိုစာအုပ်ပုံကြားထဲ၌ ပျော်နေရင်း နားလည်လည် မလည်လည်စာအုပ်တွေ၊ ဂျာနယ်တွေ၊ သတင်းစာ တွေကို တစ်ရွက်ပြီးတစ်ရွက်၊ တစ်အုပ်ပြီးတစ်အုပ်ဖတ်နေရခြင်း၌ မွေ့လျော်ခြင်း ဖြင့် စာဗီဇအညှောက် အညွန့် လူးလွန့်ခဲ့ပုံ ငယ်ဘဝခပ်ဝါးဝါး ဝေဝါးဝါးပြန်မြင် နေမိပါသည်။

ထိုမှစာပေဝါသနာအပင်ကြီး ထီးထီးပေါက်လာသောအခါ စာဖတ်ခြင်း မျက်လုံးမှ စာရေးခြင်းလက်သို့ စာဝါသနာစီးဆင်းလာကာ ဟိုရေး၊ သည်ရေး ရေးတတ်လာခြင်းမှတစ်ဆင့် များများဖတ်လေ၊ များများရေးလေဖြစ်လာပြီး နောင်သော်အပျော်ဖတ်၊ အတော်ဖတ်၊အပျင်းပြေဖတ်၊အလင်းဖွေဖတ်၊ ခဏဖတ်၊ ထာဝရဖတ်၊အပြေးဖတ်၊ အနှေးဖတ်၊ အတွေးဖတ်၊ ဖတ်ပြီးဖယ်ထား၊ ဖတ်ပြီး သိမ်းထားစသည့် ဖတ်နည်းတစ်ရာတို့ဖြင့် ဖတ်တတ်လာသလို ကဗျာတိုရေး၊ စာတိုရေး၊ အပျော်ရေး၊ အတော်ရေး၊ ရေးချင်တာရေး၊ ရေးသင့်တာရေး၊ ဝေဒနာရေး၊ စေတနာရေးစသည့် ရေးနည်းတစ်ရာတို့ကိုပါ ကျွမ်းကျင်လာနိုင် ကြောင်း သိလာရလေ၏။

ဤတွင် ဘာကလောင်လဲ၊ ဘာမင်ရောင်လဲ၊ အတ္တဗဟိုပြုကလောင်လား၊ ပရဗဟိုပြု ကလောင်လား၊ အမျိုးဘာသာ သာသနာအတွက်လား၊ အမျိုး ဘာသာသာသနာ အဖျက်လားဟု ပိုင်းခြားဆုံးဖြတ်လာနိုင်သလို အဖျက်သဘော ကျောပေး၊ အပြုသဘော ပိုက်ထွေး၊ အဆိုးမြင်ဝါဒကြဉ်ရှောင်၊ အကောင်းမြင် ဝါဒကျင့်ဆောင်နိုင်ခြင်းဖြင့် လောက၏ချိုမြိန်ရသကို စာဝါသနာက ပေးဆောင် နှင်းအပ်လေ့ရှိကြောင်း သိလာရ၏။ တစ်ခုတော့ပြောဖို့ရှိ၏။ စာဝါသနာကောင်း မှာ စေတနာကောင်းပေါင်းပေးပါဟု ဖြစ်၏။

ယင်းသို့သော အသိအမြင်၊ အတွေးအခေါ်၊ အဖတ်အရှု၊ အရေးအသား တို့ကို မျိုးစေ့ချပေးသည့် ငယ်ဆရာနတ်ထီးစံသောအခါ စတုတ္ထကျောင်းထိုင် ဆရာတော် ဖြစ်လာသော ရဟန်းမှာ ဦးဝိသုဒ္ဓဖြစ်၏။ ထိုဆရာတော်ဦးဝိသုဒ္ဓ လက်ထက် နှစ် ၃၀ (၁၉၇၀–၂၀၀၀)ကာလအတွင်း အလျား ၅၄ပေ၊ အနံ ၃၆ပေရှိ နှစ်ထပ်ဓမ္မာရုံတိုက်နှင့် အလျား ၆၃ပေ၊ အနံ ၄၅ပေရှိ စာသင်သား တိုက်တို့ကို စေတနာရှင်များဖြစ်ကြသော ဒေါ်ရှု၊ ဒေါ်အမာ၊ ဒေါ်သိန်းညွန့်၊ ဦးခင်မောင်ဦး၊ ဦးထွန်းရည်၊ ဒေါ်ဝင်းကြိုင်၊ ဒေါ်နွဲ့နွဲ့ယဉ်စသည့် ဒါယကာ၊ ဒါယိကာမတို့နှင့်အတူ ဆရာဒကာ ညီညွတ်စွာပေါင်းစည်းနိုင်ခြင်းဖြင့် စာသင်သားများ အနေချမ်းသာခြင်းရရှိခဲ့ကြပါကုန်၏။

ဤတွင် ၁၉၈၇ ခုနှစ်၌ ရေစက်ချခဲ့သော ဓမ္မာရုံတိုက်နှင့် ၁၉၉၇ ခုနှစ်၌ ရေစက်ချခဲ့သော စာသင်သားတိုက်တို့က ခေတ်နှစ်ခေတ်ကို ပြောပြနေကြောင်း မှတ်တမ်းတင်သင့်၏။ ပထမတိုက်ကို ၁၉၇၃ ခုနှစ်၌ စတင် ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ချိန် ၁၄ နှစ်ကြာမှ ပြီးစီးနိုင်ခဲ့၏။ ဒုတိယတိုက်ကို ၁၉၉၅ ခုနှစ်၌ စတင်ဆောက်လုပ်ခဲ့ပြီး ဆောက်လုပ်ချိန်နှစ်နှစ်မျှဖြင့် ပြီးစီးအောင်မြင်ခဲ့၏။ ခေတ်နှစ်ခေတ်၏ ကျဉ်းကျပ်ခြင်းနှင့် ကျယ်ပြောခြင်း၊ နိမ့်ပါးခြင်းနှင့် ထွန်းကား ခြင်းတို့ကို သက်မဲ့အဆောက်အအုံများက သက်သေစကားဆိုနေလေပြီ။

၂၀၀၀ ပြည့်တွင် ထိုဆရာတော်ဦးဝိသုဒ္ဓ နတ်ထီးစံသောအခါ ထိုစဉ်က စာချဘုန်းကြီးဖြစ်သော ဘဒ္ဒန္တ ဇဝနတိက္ခ (ဓမ္မာစရိယ)ကို ကျောင်းထိုင် ဆရာတော်အဖြစ် တပည့်အပေါင်းက တင်မြှောက်ခဲ့ရာ ယင်းဆရာတော် လက်ထက်တွင် အချိန်တိုအတွင်း အရှိန်ပြင်းပြင်း ထင်းထင်းကြီး ပေါ်ထွန်း လာသည့် သာသနိက အဆောက်အအုံတစ်ခုမှာ သုံးထပ်အမြင့် လယ်တီပိဋကတ် တိုက်ကြီးဖြစ်ပါ၏။ ဇဝန(လျင်မြန်) တိက္ခ (ထက်မြက်)ဟူသော ဘွဲ့နာမ အနွတ္ထသညာကြောင့်လော မပြောတတ်။ ဆရာတော် ဘဒ္ဒန္တ ဇဝနတိက္ခလက် ထက်တွင် အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်လာအောင် ထက်မြက်စွာ ဆောင်ရွက်နိုင်ခြင်းကြောင့် သံဃာရာကျော်ပျော်ကြီးပျော်သည့် ကျောင်းတော်ကြီး အဖြစ် ဓမ္မိကာရုံစာသင်တိုက်သည် တိမ်လွှာမိုးထိ ငြိတော့၏။

တစ်ဆက်တည်း ကွမ်းခြံကုန်းမြို့ သာသနာရေးတောက်ပလာပုံ ဆက်လက် ရေးသားရလျှင် မစိုးရိမ် ပရိယတ္တိစာသင်တိုက်နှင့် ရွှေကျင်(ကြား)ကျောင်း ပရိယတ္တိစာသင်တိုက်တို့ကို ရွှေလက်ညှိုးညွှန်ရပါမည်။ မစိုးရိမ်ပရိယတ္တိ စာသင်တိုက်၏ အာဒိနိမ္မိတ၊ မူလဆရာတော်မှာ ဘဒ္ဒန္တ သုမန (သီရိပဝရ ဓမ္မာစရိယ)ဖြစ်၏။ ဖြစ်စဉ်ကိုကမ္ပည်းတင်ရလျှင် ၁၃၁၂–၁၃၁၃ (၁၉၅၀–၁၉၅၁) ကာလများ၌ ကွမ်းခြံကုန်းမြို့နယ်တစ်နယ်လုံး လက်နက်ကိုင်သောင်းကျန်းသူ အန္တရာယ်များ ဖြစ်ပွားနေသောကြောင့် နေမြဲကျေးရွာများ၌ ဆက်လက်နေထိုင် ရန် အခြေအနေမပေးတော့၍ ကွမ်းခြံကုန်းမြို့ပေါ်သို့ တက်ပြေးလာကြသည့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသား ရဟန်းရှင်လူအများထဲမှာ တော်ကူးကြီး ရွာ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တ သုမနနှင့် တပည့်ရဟန်း သာမဏေအချို့ ပါဝင်ခဲ့၏။

မြို့ပေါ်တက်ပြေးလာရသည့်တိုင် မြို့ခံဒကာ၊ ဒကာမ အသိအကျွမ်း သုံးလေးဦးမျှသာရှိသဖြင့် ဆရာတော်သည် ဇရပ်ဟောင်း(ဒေါ်မေကြီးဇရပ်)ထဲ သီတင်းသုံးရ၏။ အပန်းခံ၊ အနွမ်းခံ၊ အဆင်းရဲခံ လောကဓံကို ကြံ့ကြံ့ခံရင်း စာသင်တိုက် တစ်တိုက်အဖြစ် ဖြစ်ထွန်းလာအောင်ကြိုးပမ်းခဲ့ရာဝယ် မစိုးရိမ် ပရိယတ္တိစာသင်တိုက် ဟူသော နာမသစ်ဖြင့် ပရိယတ်ဂုဏ်ဆောင်တပည့်များစွာ မွေးထုတ်နိုင်ပြီး ၁၃၄၂ ခုနှစ်၌ နတ်ထီးစံတော်မူသောအခါ တပည့်ရင်းများ ဖြစ်သည့် ဒုတိယဆရာတော် ဘဒ္ဒန္တ နိမ္မလဉာဏနှင့် ယခု တတိယဆရာတော် ဘဒ္ဒန္တစန္ဒဇောတိ(ဓမ္မာစရိယ)တို့က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ခဲ့ ကြသည့်အပြင် တိုးတက်ထွန်းတောက်အောင်ပါ ဆောင်ရွက်နိုင်ခဲ့ကြသောကြောင့် ယနေ့သော် တိုက်ကျောင်းအဆောင်ဆောင် ဂုဏ်ရောင်ဝင့်မြူး မုခ်ဦးတံတိုင်း ပြိုင်းရရိုင်း ကြွားရရွား တိုးပွားလက်ဖြာ သံဃာရာချီ ဝေစည်သိုက်မြိုက် စာသင်တိုက်ကြီး တစ်တိုက်အဖြစ် ထွန်းသစ်တည်နေလေပြီ။

ထိုစာသင်တိုက်ကြီး နှစ်တိုက်အပြင် ၁၉၉၀ ပြည့်နှစ်၌ နဂိုမူလကြားကျောင်း (ဂျားကျောင်း)ခေါ်ကျောင်းဟောင်းကိုလက်ခံရရှိရာမှ စာသင်တိုက်အဖြစ် ထွန်းသစ်လာအောင် ဖွဲ့ဆောင်မာန်ထားလုံ့လပွား ကြိုးစားနိုင်ခြင်းကြောင့် ယနေ့သော် နှစ်ထပ်တိုက် သိမ်တော်၊ နှစ်ထပ်တိုက်ဆွမ်းစားဆောင်၊ သာသနာ လင်္ကာရဓမ္မာရုံကြီးတို့ဖြင့် ထီးထီးမားမား ဝင့်ဝင့်ကြွား မြင့်မားလာကာ စာသင်သားရာကျော် စာနှင့်ပျော်သည့် တိုက်တော်ကြီးဖြစ်လာလျက်ရှိ၏။ ယင်းသို့ဖြစ်ထွန်းလာအောင် ဦးဆောင်ကြိုးပမ်းသော ရဟန်းတော်မှာ ယခင်က မစိုးရိမ်ပရိယတ္တိစာသင်တိုက်၌ စာချဘုန်းကြီးအဖြစ် ပရိယတ်တာဝန် အားသွန်နေစဉ် ကြားကျောင်းကျောင်းထိုင်ဆရာတော်ဟောင်း၏ စီမံမှုအရ ယင်းကျောင်းကို လက်ခံရရှိပြီး ကြီးမားသောဥဿာဟ တက်ကြွသောဖွဲ့လုံ့လ သာသနာ့စိတ်ဓာတ် ပုံထင်ဟပ်သည့် ဘဒ္ဒန္တပညာဝရဖြစ်ကြောင်း သိရှိရ၏။

သို့ဖြင့် ကွမ်းခြံကုန်းမြို့နယ်သည် ယနေ့နိုင်ငံတော်အစိုးရလက်ထက်၌ ဘာသာရေး သာသနာရေးမမေ့မမှိန် ဝင်းဝင်းထိန်ရောင်ပြေးလာသလို မြို့ရေး ပြရေး ဒေသအရေးတို့တွင်လည်း ဖွေးဖွေးလက်တောက်ပလာသောကြောင့် နိုးထရင်း ပြုံးလာသော ကွမ်းခြံကုန်းမြို့နယ်အဖြစ် ကမ္ပည်းသစ်တင်ခြင်းနှင့်အတူ ယင်းအပြုံးသည် သပြေအပြုံးလား ခရေအပြုံးလား ခွဲခြားစိတ်ဖြာ ဆက်၍ သုံးသပ်ပါဦးမည်။ ။

တိုးတက်
သစ်လွင်
မြန်ပြည်
တစ်ခွင်

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံဒေသတွင် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆက်သွယ်ရေးအော်တို အိတ်ချိန်း အဆောက်အအုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ဒေသတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ရုံးကျေးရွာ၌ စက်ရေတွင်း ဖွင့်လှစ်ပေးစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်တွင် ဖောက်လုပ်ပေးခဲ့သည့် စံကင်း-ကလော့သော့ ကျောက်ချော လမ်းသစ်ဖွင့်ပွဲကို ဤသို့ကျင်းပခဲ့သည်။

(ဓာတ်ပုံ- နယ်စပ်/စည်ပင်)

ပခုက္ကူ-မင်းတပ်-မတူပီ ကားလမ်းမှ မတူပီ-မင်းတပ်လမ်းကို စက်ယန္တရားဖြင့် ချဲ့ထွင်နေသည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-သတင်းစဉ်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းအတွင်း ဖောက်လုပ်ပေးခဲ့သည့် ချောင်းဦး-ကလေး ရထားလမ်းကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) နှစ်ထပ်စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (အား/ကာ)

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) စာသင်ဆောင်သစ်ဖွင့်ပွဲနှင့်သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) နှစ်ထပ်စာသင်ဆောင်သစ်ဖွင့်ပွဲနှင့် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အားကစားလေ့ကျင့်ရေးနှင့် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းများဖွင့်ပွဲကို မေ၃၁ရက်က ယင်းသိပ္ပံ၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်း၊ အားကစား ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အားကစားနည်းပြများ၊ ဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဝန်ကြီးက စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်း စာသင်ဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံပေ၄၀ရှိသံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၅၉၅သိန်း အကုန်အကျခံ ဆောက်လုပ်ထား၍ မြေညီထပ်၌ စာသင်ခန်းများ၊ သိပ္ပံ လက်တွေ့ခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ပါရှိပြီး ပထမထပ်တွင်ကျောင်းအုပ်ကြီးရုံးခန်း၊ ဆရာဆရာမများနားနေခန်းနှင့် သင်တန်းသား အိပ်ဆောင်အဖြစ် အသုံးပြုနိုင်မည့်အခန်းများ ပါဝင်သည်။

ဆက်လက်၍ တိုင်းမှူးက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ ငွေကျပ်သိန်း၅၀ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံသည်။

လေ့ကျင့်ပေး

အားကစားနှင့်ကာယပညာသိပ္ပံ၏ ၂၀၀၄ - ၂၀၀၅ ခု ပညာသင်နှစ် အားကစားလေ့ကျင့်ရေးသင်တန်းတွင် သင်တန်းသား ၉၆ ဦး၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းတွင် သင်တန်းသား ၁၁၉ ဦး စုစုပေါင်း သင်တန်းသား ၂၁၅ ဦးတို့အား ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ကျွမ်းဘား၊ ရေကူးအားကစားနည်းကိုးမျိုးတို့ကို သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဇွန် ၂ ရက်က အီတလီသမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဝင်းအောင်နှင့် ဇနီးတို့ တက်ရောက်ကြရာ မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Rafaelle Miniero **နှင့် ဇနီး တို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှ စတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေ တင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာကျော်သူ ရိုက်ကူးပြီး သရုပ်ဆောင်ကျော်သူ၊ ထက်ထက်မိုးဦး၊ ဓာဂနာ၊ စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်သည့် "ပုဏ္ဏားဘကွန်း" ဇာတ်ကားဖြင့် ပြသ ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

✧ ကျောဖုံးမှ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ဦးလုံး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးကျော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်(၄)မှ အကြံပြုရေးသားတင်ပြသည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍဆိုင်ရာ စာတမ်းကို ရန်ကုန်တိုင်းမှအလုပ်သမား ကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ပဲခူးတိုင်း(အနောက်)မှ အလုပ်သမားကိုယ်စားလှယ် ဦးတင်စိန်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

အဆိုပါဖတ်ကြားဆွေးနွေးတင်ပြကြသည့် စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍ၊စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်းသည့်စာတမ်းကို အစည်းအဝေးသို့ တက်ရောက်လာသော အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းမှ ဦးသင်းကြူ၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးနှင့် ဦးတင့်နိုင်တို့က အသီးသီးဖြည့်စွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉နာရီ မိနစ်၅၀တွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

အလားတူ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များက မိမိတို့ အစုအဖွဲ့ အစည်းအဝေးခန်းများ၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြု စာတမ်းတင်သွင်းနိုင်ရေးအတွက် စာတမ်းများကို ဆွေးနွေးညှိနှိုင်း ပြုစုကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ပြည်နယ်နှင့် တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များ စာတမ်းများ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြရာ ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ပြည်နယ်နှင့် တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များ စာတမ်းများ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြရာ ကယားပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းကြစဉ်။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပခန်းကြီး မြို့ဟောင်း အနောက်ဘက် ကိုင်းမကြီး ကျေးရွာအနီးရှိ ကိုင်းမကြီးကျေးလက် ဆည်သို့ သွားရောက်ကြပြီး ဆည် အတွင်း ရေဝင်မှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံတောင်သူ များအားတွေ့ဆုံကာ အညာဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော သစ်ပင်များ ထိန်းသိမ်းစောင့်ရှောက် ကြရေး၊ အရိပ်ရအပင်များ တိုးချဲ့ စိုက်ပျိုးရေးမှာကြားသည်။

အဆိုပါ ကိုင်းမကြီးကျေးလက် ဆည်သည် အလျား ပေ၁၂၀၀၊ အနံ ၁၂ပေ၊ အမြင့် ပေ ၃၀ဖြစ်သည်။ ရေလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၃၀၀ဖြစ်ပြီး အကျိုးပြုဧကမှာ ၁၅၀ဖြစ် သည်။ အဆိုပါဆည်သည် မိုးတွင်း ကာလ ရှင်မတောင်မှစီးဆင်းလာသော ရေကိုသိုလှောင်နိုင်ရန် တည်ဆောက် ထားသော ကျေးလက်ဆည်တစ်ခုဖြစ် ကြောင်းသိရှိရသည်။

လျှပ်စစ်မြစ်ရေတင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပခန်းကြီး– တမာတန်း–မင်းရွာ ကားလမ်း တစ် လျှောက် လမ်းဘေးဝဲ/ယာ စိမ်းလန်း စိုပြည်ရေးအတွက် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် ရေစကြိုမြို့နယ် မင်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်း ဆောင်၌ ခရိုင်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတိုးအောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ နှင့်ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံပြည်သူ များ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ရေကိုစနစ် တကျပေးဝေရေး၊ တိုးချဲ့စိုက်ပျိုးရေး တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ၅ပေ X ၆ပေ အကျယ်၊ အရှည်ပေ ၁၁၆၀၀ရှိ ပင်မမြောင်းမကြီး နှင့် လက်တံတူးမြောင်းတို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မင်းရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မင်းရွာအနီးရှိ ကျေးရွာ များမှ လယ်မြေနှင့် ယာမြေဧက ၃၀၀၀ကို ရေပေးဝေရန် တည်ဆောက် ထားခြင်းဖြစ်သည်။

ဆင်ဖြူရှင်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ရေစကြိုမြို့နယ် မင်းရွာမှ ချောင်းဦးမြို့နယ် တော ကျောင်းကြီးကျေးရွာသို့ ချင်းတွင်း မြစ်ကိုဖြတ်ကျော် တည်ဆောက်ထား သည့် ကားလမ်းနှင့် ရထားလမ်းကူး ဆင်ဖြူရှင်တံတား၏ ကြံ့ခိုင်မှုအခြေ အနေနှင့် ချင်းတွင်းမြစ်၏ ရေစီးရေလာ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီး ရေရှည်အသုံးပြုနိုင်ရန် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြား သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ဆင်ဖြူရှင်တံတားထိပ်မှ တောကျောင်းကြီး – မကြီးဘုတ်– ကျားအို–ပရိမ္မ ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြပြီး တွင်းကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပင်မ မြောင်းကြီးတစ်လျှောက် ရေပေးဝေ ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

နှမ်းစပါး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မြောင်မြို့နယ် ပရိမ္မ ကျေးရွာမှ တောင်သူဦးဟန်ကို၏ လယ်မြေနှစ်ဧက၌ တွင်းကြီးလျှပ်စစ် မြစ်ရေတင် စီမံကိန်းမှ ပေးပို့သော ရေဖြင့်နွေစပါးများ အောင်မြင်စွာ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေး သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် တွင်းကြီးလျှပ်စစ် မြစ်ရေတင် စီမံကိန်းသို့ရောက် ရှိကြရာ စစ်ကိုင်းတိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမင်းနှင့် တာဝန်ရှိသူများက တွင်းကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်း ၏ စီမံကိန်းဆိုင်ရာ အချက်အလက် များ၊ နွေစပါးရေပေးဝေနိုင်မှု အခြေ အနေ၊ ဓာတ်အားလိုင်း တပ်ဆင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ် သာအေးက ဖြည့်စွက်ရှင်းလင်း တင် ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မြစ်ရေတင် စီမံကိန်း၏ ရေငြိမ်ကန်နှင့် ပင်မ မြောင်းမကြီးတစ်လျှောက် ရေသွား လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စီမံကိန်းရှုရပ်မှ ချင်းတွင်း မြစ်ရေအား ရေစုပ်စက်ဖြင့် စုပ်တင် နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိ သူများအား လိုအပ်သည်များ မှာကြား သည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပရိမ္မကျေးရွာသို့ ရောက်ရှိကြပြီး ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သော အိမ်တော် ရာ စေတီရှိ ထီးလှိုင်ရှင် လာဘမုနိ ရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က စေတီတော် ဘက်စုံပြုပြင် တည်ဆောက်ရေးအတွက် အလှူငွေ များ ပေးအပ်လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရာက လက်ခံရယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပရိမ္မစံပြကျေးရွာ ဝါဆိုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ စန္ဒာဝရ(ဓမ္မာစရိယ) အမှူးပြုသော စေတီတော်ဩဝါဒါစရိယ ဆရာတော် များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ချင်းတွင်းမြစ်ကမ်း နံဘေးသို့ သွားရောက်ပြီး စေတီတော် အား ရေတိုက်စားမှု မရှိစေရန် ကာကွယ်တားဆီးထားရှိရေး တာဝန်ရှိ သူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပရိမ္မစံပြကျေးရွာမှ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများအား တွေ့ဆုံကာ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ကြရေး မှာကြားကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁နာရီတွင် မြင်းမူမြို့သို့ရောက်ရှိကြပြီး မြင်းမူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ အမှာ စကား ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလူမော်က မြို့နယ် အတွက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး လိုအပ်ချက်များနှင့် မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု အခြေအနေ များကိုလည်းကောင်း၊ ဌာနဆိုင်ရာ များက မိမိတို့ဌာနအလိုက်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ် သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် အထက်မြန်မာ ပြည်၏ စပါးကျီဖြစ်ရမည်ဟု သတ်မှတ်လုပ်ကိုင်နေကြောင်း၊ ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများအနေဖြင့် မိမိဒေသရှိ လိုအပ်ချက်ကိုသိရှိကာ လုပ်ကိုင်ဆောင်ရွက်ပေးမှ မိမိဒေသ ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ကြောင်း။ ဒေသ ဖွံ့ဖြိုးမှုလျင်မြန်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို လယ်ယာ သုံးပစ္စည်းများ အသုံးပြုရမည်ဖြစ် ကြောင်း။

ယခုအခါ မုံရွာစက်မှုဇုန်မှ လက်တွန်း ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ ထုတ်လုပ်နေပြီဖြစ်၍ နယ်မြေဒေသအတွင်း တိုးချဲ့အသုံး ပြုရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြင်းမူမြို့နယ်အနေဖြင့် ဆန်ဖူလုံမှု အားနည်းနေသေးသဖြင့် တိုးချဲ့ စိုက်ပျိုးနိုင်ရန်အတွက် မြေလွတ် မြေလပ်များ၌ ရေရရှိရေးနည်းလမ်း အမျိုးမျိုးကို အသုံးပြု၍ စိုက်ပျိုး ကြစေလိုကြောင်း။

ထို့ကြောင့် ဒေသတာဝန်ခံများ အနေဖြင့် ပြည်သူများနှင့် ပူးပေါင်း ကာ မိမိဒေသ၏ လိုအပ်ချက်ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရ မည်ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် နံ့တွင်းကျေးရွာအနီး၌ တည်ဆောက် လျက်ရှိသော ကျောက်ဘုရား ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိ ကြရာ ရှင်းလင်းဆောင်၌ ခရိုင် ဆည်မြောင်းဦးစီးအရာရှိ ဦးခင်မောင် ရွှေက လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်ကိုရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ရေပိုလွှဲ တည် ဆောက်မည့်နေရာကို သွားရောက် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ အား လိုအပ်သည်များမှာကြားသည်။

အဆိုပါ ကျောက်ဘုရားရေလှောင် တမံစီမံကိန်းကို အလျားပေ ၇၀၀၊ အမြင့်ပေ ၅၀ရှိ မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ကျေးလက်ဆည်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ရွှေဘို–မန္တလေး ကားလမ်းအနီး စစ်ကိုင်းမြို့နယ် ထန်းဖူးတောင် ကျေးရွာရှိ ထန်းဖူးတောင်ကျေးလက် ဆည်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိ သူများက လိုက်လံရှင်းလင်းပြသ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မဟာသမယအခါတော်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂

သာသနာရေး ဝန်ကြီးဌာန အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းနည်းပြ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ (မာဂဓီ–သာစည်) ဆရာတော် ဦးဆောင်သော သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ (၂၂)နှစ်မြောက် သင်တန်းသား၊ သင်တန်းသူများသည် ယနေ့နံနက် ၈နာရီတွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော် ကြီး၌ နယုန်လပြည့် မဟာသမယ အခါတော်နေ့ အခမ်းအနားကို ကျင်းပသည်။

(သတင်းစဉ်)

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အင်္ဂလန်သို့ ကြွရောက်

ရန်ကုန် ဇွန် ၂

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရသည် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့ ဗုဒ္ဓဝိဟာရကျောင်းတိုက် ပဓာနနာယက ပြည်ပသာသနာပြု ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ရေဝတဓမ္မမဟာထေရ်၏ အန္တိမဈာပန အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကြွရောက်တော်မူသည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အောက်မြန်မာပြည် သီတဂူကပ္ပိယ ကာရကအဖွဲ့ အတွင်းရေးမှူး ဦးဟန်နှင့် အဖွဲ့ဝင်များ၊ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြည်ညိုပို့ဆောင်ကြသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ကြီးသည် ဇွန် ၄ရက်တွင် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့ ဗုဒ္ဓဝိဟာရ ကျောင်းတိုက်၌ကျင်းပမည့် ဒေါက်တာ ဘဒ္ဒန္တရေဝတဓမ္မမဟာထေရ်၏ အန္တိမဈာပနအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း စာတမ်းကို ဖတ်ကြားချီးမြှင့်မည်ဖြစ်ပြီး အန္တိမဈာပနပူဇာနိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်း ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

☆ တိုင်းရင်းသားလူမျိုးများမှ

တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီးညီညီစံ၊ ဒုတိယ ပါမောက္ခချုပ်(သင်ကြားရေး) ဒေါ်ခင်စီစီ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုစိတ်ဓာတ်

ရှေးဦးစွာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းဖွင့်ဩဝါဒ စကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တိုင်းရင်းသားပြည်သူတို့ ၏ အကျိုးကိုရှေးရှု၍ မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ တက္ကသိုလ်၏ ရည်ရွယ်ချက်များကို မောင်တို့မယ်တို့၏ ရည်မှန်းချက် တာဝန်များအဖြစ်ခံယူ၍ အကျေပွန်ဆုံး ကြိုးပမ်းထမ်းဆောင်နိုင်အောင် ကြိုးစား ကြရန် မှာကြားလိုကြောင်း၊ နယ်စပ်ဒေသများတွင် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ရည်ရွယ်၍ တိုင်းရင်းသား လူငယ်များကို နှစ်စဉ်ရွေးချယ် ခေါ်ယူပြီး တက္ကသိုလ်တွင် သင်ကြားလေ့ကျင့်ပေး လျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးသိပ္ပံကာလက သင်တန်းဆင်းများကိုလည်း အဆင့် လိုက် တက်ရောက်နိုင်သည့် သင်တန်းများဖွင့်လှစ်ပြီး အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများ ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ရှင်းလင်းအသိပေးခဲ့ပြီး ယခုနှစ် မေ ၁၇ရက်မှစ၍ အမျိုးသား ညီလာခံကြီးကို ပြန်လည်ခေါ်ယူ ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတော်ကြီး တိုးတက်ဖြစ်ထွန်းမှုကို မလိုလားသည့် ကိုလိုနီနယ်ချဲ့ လက်သစ်နိုင်ငံကြီးများနှင့် အဖျက်သမားအုပ်စုများ၏ အဖျက်လုပ်ငန်းများကို တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်အား၊ မျိုးချစ်စိတ်ဓာတ်အားတို့ဖြင့် တွန်းလှန်ကာကွယ်သွား ကြရမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားများအကြား မှန်ကန်သည့်အတွေး အခေါ် များရရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်များ ရှင်သန်ပြန့်ပွားနေအောင် မောင်တို့မယ်တို့က ကြိုးပမ်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်၏ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင် နိုင်ရေးအတွက် မောင်တို့မယ်တို့အနေဖြင့် တက္ကသိုလ်က ပို့ချပေးသည့် စည်းကမ်း နှင့်အလေ့အကျင့်ကောင်းများကို ကောင်းစွာခံယူကြရန်၊ တက္ကသိုလ်က ပို့ချပေးသည့် ပညာရပ်များကို ကြိုးစားသင်ယူကြရန်နှင့် နိုင်ငံတော်က မျှော်လင့်အားထား ယုံကြည်ရသည့် နိုင်ငံ့အကျိုးကို ကိုယ်ကျိုးစွန့်ထမ်းရွက်နိုင်သည့် သားကောင်း သမီးမွန် များဖြစ်အောင် ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်(စီမံ)ဒုတိယဗိုလ်မှူးကြီးညီညီစံက သင်တန်းနှင့် ပတ်သက်သော အစီရင်ခံစာကို တင်သွင်းသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၄– ၂၀၀၅ခု ပညာသင်နှစ် မဟာပညာရေး ဘွဲ့သင်တန်း၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူးနှစ်နှစ်သင်တန်း၊ ပညာရေး ဘွဲ့လေးနှစ်သင်တန်း၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းနှင့် အလယ် တန်း ဆရာအတတ်သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၃– ၂၀၀၄ခု ပညာသင်နှစ် စံပြတပ်ခွဲဆုရ ဘုရင့်နောင်တပ်ခွဲအား ဆုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

တက်ရောက်သင်ကြားမည်

၂၀၀၄–၂၀၀၅ခု ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့(ပထမနှစ်) သင်တန်းသို့ သုံးဦး၊ မဟာပညာရေးဘွဲ့(ဒုတိယနှစ်)သင်တန်းသို့ လေးဦး၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်းသို့ ၅၅ဦး၊ ပညာရေးဘွဲ့ပေါင်းကူး နှစ်နှစ်သင်တန်း သို့ ၁၁၀ဦး၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းသို့ ၁၇၅ဦး၊ အလယ်တန်း ဆရာ အတတ်သင်တန်းသို့ ၅၁ဦး၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်းများဖြစ်ကြ သည့် သင်တန်းအမှတ်စဉ်(၃၆)သို့ ၂၆၀ဦး၊ သင်တန်းအမှတ်စဉ်(၃၇)သို့ ၂၅၇ဦး၊ သင်တန်းအမှတ်စဉ်(၃၈)သို့ ၂၆၀ဦးနှင့် သင်တန်း အမှတ်စဉ်(၃၉)သို့ ၂၅၁ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၄၂၆ဦး တက်ရောက်သင်ကြားမည် ဖြစ်သည်။ (သတင်းစဉ်)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပခရီးသည် နားနေဆောင်စစ်ဆေး

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည် နားနေဆောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။(ပို့ဆောင်ရေး)

ရန်ကုန် ဇွန် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ၍ ပြည်ပခရီးသည်အတွက် နားနေဆောင်အတွင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နားနေဆောင်တွင်း သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှု အခြေအနေ၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ လေယာဉ်စောင့်ဆိုင်းနိုင်ရေးဆောင်ရွက်ထားမှုနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အခြားအပြည်ပြည်ဆိုင်ရာ လေဆိပ်များနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအမံများကို ရှင်းလင်းပြသကြသည်။

သန့်ရှင်းသပ်ရပ်ရေး

ထို့နောက် ဝန်ကြီးသည် ဆက်စပ်လုပ်ငန်းဌာနများ၏ ကောင်တာများ၊ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ ပြည်တွင်းခရီးသည် ထွက်ခွာဆောင်အတွင်း အသစ်ပြန်လည်တည်ဆောက်ထားသော လေကြောင်းလိုင်းကောင်တာများနှင့် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်၊ တိုင်း သက်ငယ်တန်းလက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂

၂၀၀၄ခုနှစ် ဒုတိယအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်းအသင်းက ဝန်ကြီးထံ ဒိုင်းဆု ပြန်လည်အပ်နှံပြီး ဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကျင်းပမည်

ယင်းနောက် ပထမနေ့ပွဲစဉ် (၂၁) ပွဲကို ကျင်းပသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းများမှ အသင်း ၁၆သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၁၀ရက်အထိ ကျင်းပမည် ဖြစ်သည်။

(ကြေးမုံ)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်နှင့် ကျွန်းစိုက်ခင်းများလှည့်လည်စစ်ဆေး

သစ်တောပျိုးဥယျာဉ် ကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပဲခူးမြို့ ဥသာသစ်တော ပျိုးဥယျာဉ်တွင် ပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် ဇွန် ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၃၀ရက်တွင် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာရှိ အမှတ်(၁၀၄)သစ်စက်သို့ရောက်ရှိပြီး သစ်စက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မေ၃၀ရက်တွင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအစီအစဉ်အရ တောင်တွင်းကြီးမြို့နယ် သီးခြား ကျွန်းစိုက်ခင်းများဖြစ်သော ဒဂုံတင်းဘားကုမ္ပဏီက ဧက ၁၅၀၊ အေးရှားဝေါလ်ကုမ္ပဏီက ဧက ၁၅၀ စုစုပေါင်းဧက ၃၀၀ ကျွန်းစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ခံများက စိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းများ အောင်မြင်မှုရရှိရေးဆောင်ရွက်ကြရန် မှာကြားကာ စိုက်ခင်းအတွင်း ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ရေတာရှည်မြို့နယ်ရှိ ဖိုးကျားတောင်ခြေစခန်းအနီး ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး အစီအစဉ်အရ ကောင်းမြတ်ကုမ္ပဏီက ဧက ၃၅၀၊ ဇာနည်မော်ကုမ္ပဏီက ဧက ၂၅၀နှင့် အေးရှားဝေါလ်ကုမ္ပဏီက ဧက ၂၀၀ စုစုပေါင်းဧက ၈၀၀ သီးခြားကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန် ၁ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း သစ်အရောင်းဆိုင်ကို လည်းကောင်း၊ အုတ်တွင်းမြို့နယ်ရှိ အမှတ်(၈၈) သစ်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း လိုက်ပါလျက် ပဲခူးမြို့ရှိ အမှတ်(၃၃)၊ အမှတ်(၃၈)၊ ဥသာ သစ်တောပျိုးဥယျာဉ်နှင့် ပုဂ္ဂလိကသစ်အခြေခံ စက်မှုလုပ်ငန်းများဖြစ်သော မြန်မာဂိုးလ်ဒင်းစတား၊ ပါရမီ၊ နစ်ပတီ၊ ဝင်းနှင့် ဝင်းကုမ္ပဏီများ၏ သစ်အချောထည်နှင့် သစ်ပါးလွှာ စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂-၆-၂၀၀၄)

စစ်တွေ	–	၄ ဒသမ ၀၂ လက်မ
ဗန်းမော်	–	၂ ဒသမ ၈၀ လက်မ
အမ်း	–	၂ ဒသမ ၁၇ လက်မ
မိုးကုတ်	–	၁ ဒသမ ၇၇ လက်မ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဇွန် ၂ရက်က အနော်ရထာလမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့် (ယခင်နို့ဈေး)နေရာ၌ ပန်းဘဲတန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စက်ရေတွင်း ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် ပန္နက်တင်မင်္ဂလာဆောင်ရွက်ပေးစဉ်။ (၁၉)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Inciatence of Taxation (စီးပွားရေး၊စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဉာဏ်ကျယ်လေး (အပိုင်း–၂၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် နှစ်မြွှာအသည်းမိုက်ခဲညီနောင် (အပိုင်း–၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

လှူဒါန်း

ကွယ်လွန်သူမိခင်ကြီး ဒေါ်ရင်ကြည်အား ရည်စူး၍ အမှတ်(၁၀) ရာဇာဓိရာဇ်လမ်း ဗိုလ်တထောင်မြို့နယ်နေ မောင်ကြည်ရှင်နှင့်သူငယ်ချင်းများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းငါးသောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က–ပ)

အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

ASEAN Information Seminar Series(Fy /2003-2004) စီမံကိန်းအရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီကကျင်းပသည့် "ASEAN Economic Co-operation "ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပရာ ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ၊ ASEAN ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ ပြန်ကြားရေးဆပ်ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အကျိုးစီးပွား

ရှေးဦးစွာ ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ် ဇူလိုင်၂၃ရက်တွင် အာဆီယံ အဖွဲ့ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်လည်းကောင်း၊ အာဆီယံမိတ်ဖက်နိုင်ငံများ (ASEAN Dialogue Partners)နှင့်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိခြင်းဖြင့် နိုင်ငံတော်၏အကျိုးစီးပွားနှင့် ဒေသကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နေကြောင်း။

၁၉၉၇ခုနှစ်၊ ဒီဇင်ဘာ၁၅ရက်မှ ၁၇ရက်အထိ ကျင်းပခဲ့သည့် Second ASEAN Informal Summit တွင် အာဆီယံနိုင်ငံခေါင်းဆောင်ကြီးများက ASEAN Vision (2020) ရည်မှန်းချက်ကို ချမှတ်ခဲ့ကြောင်း၊ ယင်းရည်မှန်းချက် အကျဉ်းချုပ်မှာ လာမည့် ၂၀၂၀ပြည့်နှစ်ကို ရောက်သည့်အခါ အာဆီယံအဖွဲ့ကြီးသည်အေးချမ်းသာယာ၊ တည်ငြိမ်ကြွယ်ဝတိုးတက်ပြီး ချမ်းမြေ့သော လူနေမှုအဖွဲ့အစည်းရှိသည့်နိုင်ငံများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းကြီးဖြစ်လာရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖြစ်လာအောင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဖြစ် Hanoi Plan of Actionကို အကောင်အထည်ဖော်ရန်လည်း ချမှတ်ထားကြောင်း၊ ယင်းလုပ်ငန်းစဉ်အတွင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းသော်လည်းကောင်း၊ ပြင်ပနိုင်ငံများနှင့်သော်လည်းကောင်း စီးပွားရေး၊ လူမှုရေး ဘက်စုံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ASEAN Vision (2020)၏ ရည်မှန်းချက်များကို ထပ်ဆင့် အားဖြည့်သည့်အနေဖြင့် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ၇ရက်မှ ၈ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ကျင်းပခဲ့သည့် 9th ASEAN Summitတွင် Bali Concord II Declaration ကို ကြေညာခဲ့ကြောင်း၊ ယင်းကြေညာချက်အရ ASEAN Security Community, ASEAN Economic Communityနှင့် ASEAN Socio-Cultural Community သုံးခုကို ပင်မထောက်တိုင်များအဖြစ်ထားပြီး ငြိမ်းချမ်း၊ တည်ငြိမ်၊ ကြွယ်ဝသော အာဆီယံဒေသကြီးအဖြစ် တည်ထောင်သွားရန် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် Hanoi Plan of Action ကို ဆက်လက်အကောင်အထည် ဖော်နိုင်ရန်အတွက် ခြောက်နှစ်စီမံကိန်းဖြစ်သည့်Vientiane Action Planကို ၂၀၀၄ခုနှစ်ကစပြီး ချမှတ် အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း။

အဓိကလိုအပ်ချက်

အာဆီယံနိုင်ငံခေါင်းဆောင်ကြီးများ ချမှတ်ထားသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ အာဆီယံနိုင်ငံသားအချင်းချင်းကလည်း တစ်ဦးကိုတစ်ဦး နားလည်ချစ်ကြည်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်မှာ အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်လာသည့်အတွက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN COCI) (ASEAN Committee on Culture and Information) က အာဆီယံအဖွဲ့အစည်းကြီး၏အကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နေမှုများကို အာဆီယံနိုင်ငံများအတွင်း သိရှိစေရန် (ASEAN Awareness)ရရှိရန် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ပြုလုပ်သော ASEAN Information Seminar Seriesစီမံကိန်းနှင့် ကျောင်းသား ကျောင်းသူများအတွင်း အာဆီယံ ဗဟုသုတရရှိစေရန် ယှဉ်ပြိုင်စေသည့် ASEAN Quiz စီမံကိန်းတို့သည် ASEAN Awarenessရရှိစေရန်ပြုလုပ်သည့် ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများဖြစ်၍ မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲနောက်ဆုံးတွင် တက်ရောက်လာကြသူများ သိလိုသည်များကို ပါဝင်ဆွေးနွေးမေးမြန်းနိုင်သည့် Penal Discussion ပြုလုပ်ပေးသွားမှာဖြစ်၍ တက်ရောက်လာသူများအနေဖြင့် ဗဟုသုတများ ပွားများနိုင်ကြမည်ဟု ယုံကြည်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီက ဆွေးနွေးပွဲ ဦးဆောင်သူအဖြစ် ASEAN Economic Community (AEC) ကို လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် သီဟသူရ ဦးသိန်းထွန်းတင်က ASEAN Free Trade Area and Myanmar ကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဒေါက်တာ ဒေါ်ခင်အုန်းသန့်ကိုယ်စား National AFTA Unit မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက Establishing Free Trade Area with ASEAN Dialogue Partners ကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်ဇော်ရှန်းက ASEAN Industrial Co-operation Scheme (AICO Scheme)ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင်ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ASEAN and Myanmar Tourism Development ကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က Future Key Role of Myanmar in ASEAN Energy Sector ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက Current Status of ASEAN Co-operation in Transport ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကသိလိုသည်များနှင့် မရှင်းလင်းသည်များကို အကြံပြုမေးမြန်းဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီက နိဂုံးချုပ် အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ASEAN Information Seminar Series(Fy-2003-2004) စီမံကိန်းအရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ASEAN Information Seminar Seriesကျင်းပရေး ကြီးကြပ်မှုကော်မတီက ကျင်းပသည့် "ASEAN Economic Co-operation" ဆွေးနွေးပွဲတွင် ASEAN Information Seminar Seriesကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ ၁၊ အမှတ် ၂ ထုတ်ဝေ

ရန်ကုန် ဇွန် ၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ ၁၊ အမှတ်၂ကို ထုတ်ဝေလိုက်သည်။ ယင်းဂျာနယ်သည် ယခင်အတွဲ-၁၊ အမှတ်-၁ထက် အကြောင်းအရာ ပိုမိုစုံလင်ပြီး စာမျက်နှာ၂၅၀ခန့်ရှိသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ရေးသားသော အုပ်ချုပ်မှုအဖွဲ့အစည်း အသွင်သဏ္ဌာန်နှင့် နိုင်ငံ့ဝန်ထမ်း လိုအပ်ချက် ဆောင်းပါးတွင် နိုင်ငံတစ်နိုင်ငံ တိုးတက်ပြောင်းလဲလာသောအခါ နိုင်ငံ့ဝန်ထမ်း လိုအပ်ချက်သည်လည်း တိုးတက်ပြောင်းလဲလာကြောင်း၊နိုင်ငံသည်လည်း တိုးတက်ပြောင်းလဲလာကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဝန်ထမ်းလိုအပ်ချက်သည် ထိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီရန်လိုအပ်ကြောင်း စသည်ဖြင့် အချက်အလက် ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားသည်။

နိုင်ငံ့ဝန်ထမ်းတို့ လေ့လာမှတ်သားသင့်သည့်ဆောင်းပါး၁၈ပုဒ်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဥပဒေပညာရှင်များက ပါဝင်ရေးသားထားကြသည်။ အဆိုပါဂျာနယ်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်-၆၅(ဘီ)(၂/စီ)နေ သံအမတ်ကြီး ဦးအေးဖေ(ငြိမ်း) - ဒေါ်ခင်မမ မိသားစုတို့က ဒေါ်ခင်မမ၏အသက် (၇၉)နှစ်ပြည့်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) တို့သို့ မေ ၂၂ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလ ကျော်လွန်သွားသော မြန်မာကုမ္ပဏီများ ဇွန် ၃၀ ရက် နောက်ဆုံးထားပေးသွင်းနိုင်

ရန်ကုန် ဇွန် ၂

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ကုမ္ပဏီများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခွင့်ရရှိပြီးသော မြန်မာကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ကြေး ပေးသွင်းကြရန်အတွက် ဌာနမှကုမ္ပဏီများသို့ စာဖြင့်အသိပေး အကြောင်းကြားခဲ့သော်လည်း အချို့ကုမ္ပဏီများသည် မှတ်ပုံတင်ကြေးပေးသွင်းလာခြင်းမရှိဘဲ မှတ်ပုံတင်ကြေး ပေးသွင်းရန် သတ်မှတ်ကာလကျော်လွန်သွားခဲ့သည်။

ပယ်ဖျက်မည်

မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ကာလကျော်လွန်သွားသော မြန်မာကုမ္ပဏီများသည် ၂၀၀၄ ခုနှစ် ဇွန်၃၀ရက် နောက်ဆုံးထားပေးသွင်းကြရန်နှင့် ယင်းကာလကျော်လွန်သွားပါက ကုမ္ပဏီမှတ်ပုံတင်ရန် ဆန္ဒမရှိဟု သတ်မှတ်ပြီး မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ဖျက်မည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသမီးရေးရာ စီးပွားရေးလုပ်ငန်းအဖွဲ့ ဆံပင်၊ မိတ်ကပ်၊ အလှပြုပြင်ရေးသင်တန်းဆင်း

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်း အလှပြုပြင်ရေးတို့ ပူးပေါင်းဖွင့်လှစ်သော ဆံပင်၊ မိတ်ကပ်၊ အလှပြုပြင်သင်တန်း အမှတ်စဉ် ၂/၂၀၀၄ သင်တန်းဆင်းပွဲနှင့် အမှတ်စဉ် ၃/၂၀၀၄ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က အမှတ် ၂၈၄ လမ်း(၄၀)အထက် ဝါဝါသန်းအလှပြင် သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်နှင့် စီးပွားရေးလုပ်ငန်းအဖွဲ့ဝင်များ၊ သင်တန်းဆရာမများနှင့် သင်တန်းဆင်းသူ ၃၇ ဦး၊ သင်တန်းတက်သူ ၄၁ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးအဖွဲ့ခေါင်းဆောင်ဒေါ်ခင်မြင့်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ တစ်ဦးချင်းပေးအပ်သည်။**(ဓါတ်ပုံ)** ဆက်လက်၍စီးပွားရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြင့်မြင့်က သင်တန်းတာဝန်ခံဆရာမ ဒေါ်ဝါဝါသန်းအား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်သည်။ (က-ပ)

စီးပွား/ကူးသန်း ဘောလုံးအသင်းဂုဏ်ပြု ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၂

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ပြီး ပထမတန်းသို့ တက်ရောက်ခွင့်ရခဲ့သော စီးပွား/ကူးသန်း(ခ)ဘောလုံးအသင်းနှင့် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော စီးပွား/ကူးသန်း(က)ဘောလုံးအသင်းမှ ဘောလုံးသမားများအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ယနေ့ည ၇နာရီက ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်း ရောင်းဝယ်ရေးရုံးချုပ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် အထွေထွေ မန်နေဂျာများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဂုဏ်ပြုခံဘောလုံး အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ နှင့် အားကစားသမားများ တက်ရောက် ကြသည်။

ဂုဏ်ပြုအမှာစကား

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဂုဏ်ပြု အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဂုဏ်ပြုပွဲကျင်းပ ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။ ထို့နောက် ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲ တွင် ပထမရရှိခဲ့ပြီး ပထမတန်းသို့ တက်ရောက်ခဲ့သော စီးပွား/ကူးသန်း (ခ)အသင်းမှ အုပ်ချုပ်သူ နည်းပြနှင့် အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အားကစား နှင့် ကာယပညာကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဒုတိယ တန်း အမှတ်ပေးပြိုင်ပွဲတွင် ပထမ ရရှိခဲ့သော စီးပွား/ကူးသန်း(ခ) အသင်း အား ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်းပေးအပ် ချီးမြှင့်သည်။ ဆက်လက်၍ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ် အောင်ထွန်းက အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရရှိ ခဲ့သော စီးပွား/ကူးသန်း(က) အသင်း အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုခံ ဘောလုံး သမားများကိုယ်စား စီးပွား/ကူးသန်း (ခ)အသင်းမှ ရာဇာဝင်းသိန်းက ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (ကြေးမုံ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အားကစားနှင့်ကာယပညာကော်မတီ နာယက ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိခဲ့ပြီး ပထမတန်းသို့တက်ရောက်ခဲ့သော စီးပွား/ ကူးသန်း(ခ)ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ကွာလာလမ်ပူမြို့ မြန်မာသံရုံးက ဦးစီး၍ ASEAN+3 Monthly Golf Game ကျင်းပ

ရန်ကုန် ဇွန် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးက ဦးစီး၍ ASEAN+3 Monthly Golf Game ကို ကွာလာလမ်ပူမြို့ရှိ Sultan Abdul Aziz Shah Golf Club, Selangor Darul Ehsan ဂေါက်ကွင်း၌ မေ ၁၉ရက် တွင် ကျင်းပရာ အာဆီယံ သံအမတ်ကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း တန်ဆရီဒါတိုအာဂျစ်ဆင်း၊ အာဆီယံစစ်သံမှူးများ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်အကြီးအကဲများ၊ မလေးရှားနိုင်ငံရောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း အားကစားသမား ၄၀ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အာဆီယံ+၃ ပြိုင်ပွဲကို နံနက်၈နာရီ တွင် စတင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် တက် ရောက်လာသည့် ပြိုင်ပွဲဝင်များအား မြန်မာသံအမတ်ကြီး ဦးလှမောင်က ပြိုင်ပွဲတွင် ယခုကဲ့သို့ ပါဝင်ဆင်နွှဲခဲ့ကြ သည့်အတွက် အထူးပင်ဝမ်းသာကြိုဆို ပါကြောင်း နှုတ်ခွန်းဆက် ဂုဏ်ပြုစကား ပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယဆုများ၊ အဝေးဆုံးရိုက်ချက်ဆု၊ ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆု၊ အထူးဆု ရရှိသူများအား သံအမတ်ကြီးဦးလှမောင် က ဆုများချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲဝင် အားလုံးအား မြန်မာ့ထွက်ကုန် ပေါ်ဆန်းမွှေးဆန်နှင့် ကံစမ်းမဲများ ဖောက်၍ မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ပြီး ပြိုင်ပွဲအောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့သည်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ ဦးစီး၍ မေ ၁၉ရက်က ကျင်းပခဲ့သည့် ASEAN+3 Monthly Golf Game တွင် အဝေးဆုံးရိုက်ချက်ဆုရရှိသွားသော အာဆီယံ အထွေထွေအတွင်းရေးမှူး ချုပ်ဟောင်း တန်ဆရီဒါတိုအာဂျစ် ဆင်းအား သံအမတ်ကြီး ဦးလှမောင် က ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးက ဦးစီး၍ မေ ၁၉ရက် က ကျင်းပခဲ့သည့် ASEAN+3 Monthly Golf Game တွင် အထူးဆုရရှိသွားသော စင်ကာပူ သံအမတ်ကြီး H. E. Ashok Kumar Mirpuri အား သံအမတ် ကြီး ဦးလှမောင်က မြန်မာ့ထွက်ကုန် ပေါ်ဆန်းမွှေးဆန်နှင့် လျှပ်စစ် ထမင်း ပေါင်းအိုးကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၂

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီ တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဗဟိုရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်း ဌာန များမှ ကျောင်းသား၊ ကျောင်းသူ ၁၀၉၂ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၅၅၅၇၅၀ကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူး (ဥပဒေနှင့်အကျိုးဆောင်ဌာန)ဦးတင့်လွင် ရွှေက လက်ခံရယူသည်။ (သတင်းစဉ်)

မုန်တိုင်းငယ် အားပျော့သွား

ရန်ကုန် ဇွန် ၂

ယနေ့ မြန်မာစံတော်ချိန် ၁၂း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ် အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ် သည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရွေ့လျား ခဲ့ကာ လေဖိအားနည်းရပ်ဝန်း အဖြစ်သို့ အားပျော့သွားပြီဖြစ်သည် ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန် သည်။

အဆင့်မြင့်တန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၂

၂၀၀၃-၂၀၀၄ဘောလုံးရာသီ အဆင့် မြင့်တန်း ကွင်းပိတ် ရှုံးထွက်ဘောလုံး ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း နှင့် ကာကွယ်ရေးအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက လှုငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး၊ တစ်ဂိုး ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်း -သုံးဂိုး
(အောင်ကျော်မိုး၊ စိုးမြတ်မင်းနှင့် စိုးလင်းထွန်း တစ်ဂိုးစီ)
ကာကွယ်ရေးအသင်း -တစ်ဂိုး
(ထွန်းမင်းနိုင်)
အကောင်းဆုံးဆု
စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)
ဒိုင်လူကြီး -ဦးထွန်းထွန်း

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းသည် မေ ၃၁ရက်တွင် စည်ပင် နှင့် ကစားခဲ့ရပြီး ယနေ့ဆက်လက် ယှဉ်ပြိုင်ရသောကြောင့် ပွဲဆက်နေသော် လည်း အနိုင်ရရှိအောင် ကြိုးစားကစား သွားသည်။ ယနေ့ပွဲ အနိုင်ရရှိ၍ ဘဏ္ဍာ/အခွန်အသင်း အကြိုဗိုလ်လုပွဲ သို့ တက်သွားပြီဖြစ်သည်။

ပထမပိုင်း

ပွဲအစတွင် ဘဏ္ဍာ/အခွန်အသင်းက ဖိကစားနိုင်သော်လည်း ကာကွယ်ရေး ၏ တန်ပြန်တိုက်စစ်များမှာ ထိရောက် လှသည်။ ထို့ကြောင့်ပင် ၁၈မိနစ်၌ ထွန်းမင်းနိုင်က မြေမကျသော လှလှပပ ကန်သွင်းကာ ကာကွယ်ရေးအသင်း အတွက် ဂိုးစတင်သွင်းယူလိုက်သည်။ ဂိုးပေးလိုက်ရ၍ ဘဏ္ဍာ/အခွန်အသင်း ချေပဂိုးရရန် တရစပ်ကြိုးစားလာသလို ကာကွယ်ရေးကလည်း အနိုင်ကို ထိန်း ရန် ကြိုးစားသော်လည်း ၃၃မိနစ်တွင် အောင်ကျော်မိုးက ချေပဂိုး၊ ၄၃မိနစ်တွင် စိုးမြတ်မင်းက ဒုတိယဂိုးတို့ကို သွင်းယူလိုက်သဖြင့် ပထမပိုင်းအပြီး တွင် ဘဏ္ဍာ/အခွန်က နှစ်ဂိုး၊တစ်ဂိုးဖြင့် အနိုင်ရရှိနေသည်။

ဒုတိယပိုင်းအစ ၁၀ မိနစ်တွင် ကာကွယ်ရေး နောက်ခံလူ ကျော်ဘိုဘို ဝင်း နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ ဘဏ္ဍာ/အခွန်က အသာစီးမှကစားနိုင်ခဲ့ သည်။ ကာကွယ်ရေး၏ ရံဖန်ရံခါ ထိုးဖောက်မှုများကလည်း ဂိုးရလုနီးပါး ဖြစ်ခဲ့သည်။ မိနစ်၃၀တွင် စိုးလင်းထွန်း က ဘဏ္ဍာ/အခွန်အတွက် တတိယဂိုး ကို သွင်းယူပေးခဲ့သည်။ဘဏ္ဍာ/အခွန် ဂိုးထပ်မံရရန် အခွင့်အလမ်းများရသော် လည်း ဂိုးသွင်းမသေချာခဲ့၍ ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်က သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းသည် အကြို ဗိုလ်လုပွဲအဖြစ် ဇွန် ၄ရက်တွင် ကစား မည့် ပို့ဆောင်ရေးနှင့် လယ်/ဆည်ပွဲမှ အနိုင်ရသော အသင်းနှင့်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

စွမ်းအင်နှင့်တပ်မတော်(ကြည်း)(က)

ဇွန် ၃ရက်တွင် စွမ်းအင်နှင့် တပ်မတော်(ကြည်း)(က)တို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၀ ၇။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသား ရိုးရာအစားအစာ(ရှမ်း)
၅း၄၀ ၈။ တေးဂီတအစီအစဉ်
၅း၅၅ ၉။ **သူငယ်ချင်းမရှိတဲ့ဥပဒေ (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
၆း၀၀ ၁၀။ သက်တန့်ရောင်သံစဉ်
၆း၁၅ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးနတ်မယ်(အပိုင်း-၂၇)**
၇း၃၀ ၁၅။ ဖွံ့ဖြိုးမှုဝေမနောမြေ(အပိုင်း-၁)
၇း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "မိုးလေးတဖွဲဖွဲ" (အပိုင်း-၁) (လူမင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဟိန်းစိုး)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဒေသတာဝန်ရှိသူများအနေဖြင့် တိုင်းရင်းသားပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးတို့တွင် ပညာပေးစံနမူနာပြလုပ်ဆောင် ဒေသနေပြည်သူများနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်

ရန်ကုန် ဇွန် ၂

ချင်းပြည်နယ် မတူပီမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှ၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မေ ၂၇ ရက်တွင် မတူပီမြို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် နံနက် ၇ နာရီတွင် မတူပီမြို့ အမျိုးသမီးအိမ်တွင်းမှုနှင့် သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မတူပီမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆေးရုံဝန်ထမ်းများ၏ လက်ဖက်စိုက်ခင်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မတူပီမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် မြေညှိ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မတူပီမြို့နယ် ဖနိုင်စံပြကျေးရွာရှိ စုပေါင်းနွားနောက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး နွားနောက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မတူပီမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ မတူပီမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးညွှန့်စိုးက မတူပီမြို့နယ်ရှိ စိုက်ပျိုးရေးအခြေအနေနှင့် နွားနောက် မွေးမြူမှုအခြေအနေတို့ကိုလည်းကောင်း၊ မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်မှ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ထားရှိမှုအခြေအနေကို မြေပုံကားချပ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြရာ ခရိုင်နှင့်ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချင်းပြည်နယ် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးမွေးမြူရေးအရှိန်အဟုန်ဖြင့် တိုးတက်အောင်ဆောင်ရွက်ပေးရန် လမ်းညွှန်မှုအရ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ချင်းပြည်နယ်နှင့် ကိုက်ညီသည့် လက်ဖက်စိုက်ပျိုးရေးကို အလေးထားအောင်မြင်အောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမှုများပြားဖြစ်ထွန်းလာသည်နှင့်အမျှ လက်ဖက်ခြောက်စက်ရုံ တည်ထောင်ပေးရန် အစီအစဉ်ရှိကြောင်း။

နိဂုံးချုပ်အနေနှင့် ဒေသတာဝန်ရှိသူများအနေနှင့် တိုင်းရင်းသားပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးတို့တွင် ပညာပေးစံနမူနာပြ လုပ်ဆောင်ကြပြီး ဒေသနေပြည်သူများနှင့်အတူ တစ်သွေးတည်း တစ်သားတည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ဆောင်ရွက်ကြရေးစသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မတူပီမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်းက လက်ခံယူသည်။

ဆက်လက်၍ မတူပီမြို့အတွက် အားကစားပစ္စည်းများနှင့် အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်စိုးက လက်ခံယူသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မတူပီမြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းတာဝန်ခံအား ကျောင်းသားလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အခြေအနေများကိုမေးမြန်းပြီး ကျောင်းသားလေးများ၏ စားဝတ်နေရေး ဖူလုံစွာနေနိုင်စေရန် ကျောင်းဝင်းအတွင်း ရာသီသီးနှံများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားရေး၊ ရေရှည်အတွက် နှစ်ရှည်စားသုံးသီးနှံများ စိုက်ပျိုးရေးကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းသားများအတွက် အဝတ်အထည်နှင့် အလှူငွေများကို ပေးအပ်ရာ ကျောင်းတာဝန်ခံ ဦးဌေးဝင်းက လက်ခံယူသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မင်းတပ်မြို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်သဒ္ဓမ္မဇောတိကဓဇာဘိဝံသ ရာဇိန္ဒအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေကျပ်တစ်သိန်းကို ဆရာတော်ထံသို့လည်းကောင်း၊ အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်စိုးထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့နယ် ဖနိုင်စံပြကျေးရွာရှိ စုပေါင်းနွားနောက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည်မတူပီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ပြန်လည်ရောက်ရှိကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မတူပီ–မင်းတပ်လမ်းဖောက်လုပ်ရေးမှ လမ်းတာဝန်ခံများအား ထပ်မံတွေ့ဆုံကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်နားလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် မတူပီတပ်နယ်သို့ သွားရောက်ပြီး မတူပီတပ်နယ်မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာမှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် သုံးခွမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာသို့ ရောက်ရှိပြီး မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှု၊ **(အပေါ်ပုံ)** ထွန်ယက်ပြီး လယ်မြေများတွင် ကောက်စိုက်စရိတ် လျော့နည်းစေရန် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့်မျိုးစေ့ချ စိုက်ပျိုးနေမှု၊ တစ်မိုးနှစ်သီး စပါးစိုက်ပျိုးထားရှိမှုနှင့် EMဘိုကာရှီ သဘာဝမြေဩဇာ ကြဲပက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးရာ ရန်ကုန်တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းက မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် လျာထားသတ်မှတ်ချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူ လယ်သမားကြီးများက ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သန်လျင်မြို့နယ် စစ်ပြင်ကွင်း ကျေးရွာအနီး၌ တစ်မိုးနှစ်သီး မိုးစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုများကို တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ပြသရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကရန်ကုန်တိုင်းအတွင်းရှိဒေသခံတောင်သူလယ်သမားကြီး များအား သီးထပ်စွမ်းအား တိုးမြှင့်စိုက်ပျိုးနိုင်ရန်၊ တစ်နှစ်သုံးသီး စိုက်ပျိုးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အကျိုးရှိစွာ စနစ်တကျ ရောစပ်အသုံးပြုရေးတို့ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ပညာပေးဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည်စစ်ပင်ကွင်းကျေးရွာအနီး သန်လျင်–သုံးခွ ကားလမ်းမကြီးဘေး၌ ကြာနီကန်မြောင်းနှင့် မြို့ရိုးပေါက်မြောင်းတို့အား ဆက်သွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် နွေစပါးအတွက်ရေမြောင်း တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သန်လျင်–သုံးခွ လမ်းဘေးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၆) ကွပ်ကဲရေးရုံး၌ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ ၁၂လရာသီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးစပါးစိုက်ပျိုးရေးရာသီ ရောက်ရှိလာပြီဖြစ်၍ ရန်ကုန်တိုင်းအတွင်း၌ စိုက်ပျိုးရေရရှိသည့် လယ်မြေမှန်သမျှ အပြည့်အဝ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်အရည်အသွေးကောင်း အထွက်တိုးစပါးများကို သတ်မှတ်စိုက်ပျိုးနည်းစနစ်များအတိုင်း တစ်ဧကသတ်မှတ်ကောက်ကွက်ပြည့်မီရေး စိုက်ပျိုးကြရန်နှင့် စပါးစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် သန်လျင်မြို့ရှိ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်သို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးကြည်ဝင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်းနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊နည်းပြဆရာ၊ ဆရာမများနှင့် တွေ့ဆုံညှိနှိုင်းပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

(၉၅)နှစ်မြောက်မွေးနေ့ဆုတောင်း

ချစ်သောကြီးကြီးသန်း (ဒေါ်သန်းအေး-မော်လမြိုင်)၏ ၃-၆-၂၀၀၄ရက်တွင် ကျရောက်သော (၉၅)နှစ်မြောက် မွေးနေ့မှသည် ကျန်းမာစွာဖြင့် အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်ညီမ-ဦးချစ်ဆွေ-ဒေါ်ညွန့်ညွန့်သိန်း
ချစ်သော တူ၊ တူမများနှင့်မြေးများ
ဇော်ဝင်း-အေးအေးလွင်
ရဲမင်းထွန်း-ကြိုင်ကြိုင်ထွန်း(ပြည့်သက်ထွန်း၊ ကျော်စွာထွန်း)
ဥမ္မာဆွေ
မောင်မောင်-Dr.မီမီထွန်း(မြသီရိမောင်မောင်၊ မြတ်မဥ္ဇူမောင်မောင်၊ မျိုးသူရမောင်မောင်)
နေဝင်း-နှင်းမာမာဖြိုး(မေသတ္တိဦး၊ ပြည့်ဦးခင်)
Dr.အေးကျော်-စီစီဆွေ(ကျော်ထွဋ်ပိုင်-ဝတ်ရည်သူ၊ ဇာလီကျော်)
ကျော်သက်စု-ချိုချိုဆွေ(John ကျော်သက်ဆွေ)
ကျော်ခင်လှိုင်-မူမူထွန်း(မေသူဇာကျော်)
မော်မော်ထွန်း
David- မိုးမိုးထွန်း(Sugar၊ candy၊ cane)
ဇော်တင့်လွင်-ခင်နှင်းခိုင်(ဇေယျာတင့်လွင်၊ မြတ်မြတ်ဆုထိုက်)။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂

ဦးမိုးဟိန်း Chief Engineer (RCL) သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးမြသန်း၊ ဦးသိန်းဇော်၊ ဦးဖရန့်ကီးတို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ RAYGRANDE NO.7 ဘောလုံးကို Callaway RCH 90 Iron-6 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၂)ကျင်းသို့ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၄၉၁၂၂၉မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ကိုစိန်စိုးလှိုင်၊ ဖုန်း-၂၈၃၃၉၃။

မိဘအမည်မှန်

အထက(၆)၊ အလုံ၊ န၀မတန်း (A)မှ မငြိမ်းချမ်းသူ၏ မိဘအမည်မှန်မှာ ဦးမြင့်ခိုင်-ဒေါ်ယုယုလွင် ဖြစ်ပါကြောင်းနှင့် မငြိမ်းချမ်းသူ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၇/မညန(နိုင်) ၀၆၉၇၄၁]အား မယုယခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မယုယခိုင်။

ကားရောင်းမည်

၁။ Tico ၁ခ/----
ခါတ်ဆီ၊ အပြာရောင်
၂။ Nissan cabstar ၂က/--
ဒီဇယ်၊ အပြာရောင်

ဖုန်း-၂၁၀၀၅၆။

ဂုဏ်ယူဝမ်းမြောက်ဆုတောင်းလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ (၂၈-၅-၂၀၀၄)ကျင်းပပြုလုပ်သော ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပို့ကုန်အများဆုံး တင်ပို့နိုင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် ဂုဏ်ပြု"တတိယ"ဆု-ဒုတိယအကြိမ်- ရရှိခဲ့သော မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ **ဒေါ်ကြူကြူမြင့်(အုပ်ချုပ်မှုဒါရိုက်တာ)-ခေတ်ဆန်းစိန်ရောင်းဝယ်ရေး**အား ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်ကိုလည်း ယခုထက်ပိုမိုပြီး ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

ချစ်ခင်ပွန်း-ဦးဌေးဦး (ရွှေချမ်းသာဒေါင်းမင်းဂေဟာ ရောင်းဝယ်ရေး၊ မူဆယ်)
ချစ်သားသမီးများ-(ရွှေချမ်းသာဒေါင်းမင်းဂေဟာ မိသားစု)

Congratulation

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ (၂၈-၅-၂၀၀၄) ကျင်းပပြုလုပ်သော ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆီးသီး၊ ဆီးသီးခြောက်၊ ဆီးဆံ၊ ဖရဲသီး၊ သခွားမွှေး၊ သရက်သီး၊ သရက်ပြားခြောက် အများဆုံးတင်ပို့နိုင်ခဲ့သည့် လုပ်ငန်းရှင်များအဖြစ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မိုက်စတား ရောင်းဝယ်ရေး၊ အကယ်ဒမီ ရောင်းဝယ်ရေး၊ 318 ရောင်းဝယ်ရေးတို့အား အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

မူဆယ် - နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
မူဆယ်မြို့

Congratulation

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ (၂၈-၅-၂၀၀၄) ကျင်းပပြုလုပ်သော ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပို့ကုန်အများဆုံးတင်ပို့နိုင်ခဲ့သည့် လုပ်ငန်းရှင်များအဖြစ် ဂုဏ်ပြုပထမဆု၊ ဒုတိယဆု၊ တတိယဆု ချီးမြှင့်ခြင်းခံရသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖောင်းဆိုင်ကုမ္ပဏီလီမိတက်၊ ရွှေယုန်မင်းကုမ္ပဏီလီမိတက်၊ ခေတ်ဆန်းစိန်ရောင်းဝယ်ရေးတို့အား အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

မူဆယ် - နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
မူဆယ်မြို့

မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ဓမ္မစကြာနှင့် အဘိဓမ္မာ သင်တန်းဆင်း

နောင်ချို မေ ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ပထမအကြိမ် ဓမ္မစကြာနှင့် အဘိဓမ္မာ သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၀ ရက်က နောင်ချိုမြို့ တောင်ရပ်ကွက် ဟော်တော်ကျောင်းတိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဟော်တော်ကျောင်းတိုက် ဆရာတော် ဦးဝါသေဋ္ဌက သင်တန်းဆင်း ဩဝါဒ စကား မိန့်ကြားတော်မူပြီး သင်တန်းသား၊ သင်တန်းသူများကို ဓမ္မစကြာ၊ အဘိဓမ္မာစာအုပ်များကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်သင်ကြား

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စိန်လှ၊ မြို့နယ် အမျိုးသမီးငယ်ရွယ်အဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်အေး၊ မြို့ပေါ်အခြေခံပညာ မူလတန်းကျောင်း အသီးသီးတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀ ဦးတို့ တက်ရောက်ပြီး ၁၀ ရက်ကြာ သင်တန်းတက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။ **(၂၄၂)**

မြို့နယ် သတင်းများ

ရွှေဘိုမြို့နယ် စံပြစိုက်ကွင်းပြပွဲ ကျင်းပ စိုက်ပျိုးဖြစ်ထွန်းမှု ကွင်းဆင်းကြည့်ရှု

ရွှေဘို မေ ၂၉

ရွှေဘို(၁)၊ ရွှေဘို(၂) စပါးမျိုးများ စံပြစိုက်ကွင်းပြပွဲကို ရွှေဘိုမြို့ တဂဏာန်း စိုက်ပျိုးပညာပေးစခန်း အောင်ချမ်းသာ အုပ်စု ကွင်းအမှတ်(၃၃၁၄)တွင် မေ ၂၅ ရက်က ကျင်းပသည်။

တက်ရောက်

ယင်းကွင်းပြပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ငွေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဆန်း၊ တဂဏာန်းစိုက်ပျိုးပညာပေးစခန်းတာဝန်ခံ ဒုကြီးကြပ်ရေးမှူး ဦးဆွေ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် စိတ်ပါဝင်စားသူ တောင်သူများ တက်ရောက်ကြသည်။

ကွင်းဆင်းကြည့်ရှု

ထို့နောက် တက်ရောက်လာသော တာဝန်ရှိသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိတ်ဝင်စားသူ တောင်သူများက စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုလေ့လာကြသည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

ရေမြောင်းရှင်းလင်း

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင် မေ ၈ ရက်က မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်ဆန်းလမ်းရှိ မြစ်ထွက်ပေါက် ရေမြောင်းအား မြို့နယ်စည်ပင်ဝန်ထမ်းများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ကွင်းဆင်းစစ်ဆေး

မအူပင်မြို့နယ် သုံးခွကျွန်းတာပေါင်ပတ်လမ်း ဆောင်ရွက်ပြီးစီးမှုကို မေ ၁၉ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ၌ နှစ်လက်မ စက်ရေတွင်းဖွင့် ကျေးလက်ဒေသ သောက်သုံးရေသန့်ရရှိရေး ဆောင်ရွက်မှုရှင်း

ကန့်ဘလူ မေ ၂၆

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၈ နာရီက အဆိုပါ စက်ရေတွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ အတွင်းရေးမှူး ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကိုလတ်က နတ်အင်းကျေးရွာ စက်ရေတွင်း တူးဖော်ဆောင်ရွက်ခြင်း အပါအဝင် ကျေးလက်ဒေသ သောက်သုံးရေသန့်ရရှိရေး ဆောင်ရွက်ခြင်း လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကိုလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စက်ရေတွင်းကို စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၇၅၀၀၀နှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၅၀၀၀၀၀ ကျခံသုံးစွဲခဲ့ကြောင်းနှင့် အနက် ပေ ၂၂၀ ရှိပြီး တစ်နာရီလျှင် ရေဂါလန် ၈၀၀ ထွက်ရှိကြောင်း သိရသည်။ **(၃၈၆)**

မိုးစပါးစီမံကိန်း တာဝန်များ ပေးအပ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ရှင်းလင်းဆွေးနွေး

ပေါင် မေ ၂၈

ပေါင်မြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစီမံကိန်းတာဝန်များ ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၁၀ နာရီက ပေါင်မြို့ မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားတွင် ပေါင်မြို့နယ် အတွင်းရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်မြင့်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၅၄ အုပ်စုမှ တက်ရောက်ကြသော ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများအား ၂၀၀၄/၂၀၀၅ ခုနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရေးအတွက် စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အတွင်းရေးမှူး ဦးနိုင်ဝင်းက နယ်မြေအလိုက် အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(၂၅၅)**

မီးသတ်တပ်ဖွဲ့ဝင်များ ရေကန်တူးဖော်

ဇီးကုန်း မေ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့ မြသိန်းတန်ဘုရားကြီး ဝင်းအတွင်းရှိ မြို့ပေါ်ရပ်ကွက် အများပြည်သူသုံး သောက်သုံးရေကန်ကြီးအား ရေအခက်အခဲမရှိစေရန် နုန်းအမှိုက်များနှင့် မြေတူးဖော်မှုများကို မေ ၁၉ ရက်က ဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်၊ တပ်ခွဲမှူး ဦးဇော်ဝမ်းတို့ ခေါင်းဆောင်သော မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ အင်အား ၁၀၀ ခန့်ဖြင့် သောက်သုံးရေကန်ကြီးအား တူးဖော်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၈၉)**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီတို့၏ အလှူငွေများဖြင့် မြင်းခြံမြို့နယ်အတွင်း သောက်သုံးရေရရှိရေး စက်ရေတွင်းများ တူးဖော်လျက်ရှိရာ မေ ၁၈ ရက်က မြို့နယ်အတွင်းရေးမှူး ဦးတင်ထွန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် အဖွဲ့ဝင်များ ကျေးရွာအုပ်စု ငါးအုပ်စုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(၁၁၄)

စိမ်းလန်းစိုပြည်ရေး ပန်းခြံအလှပြုပြင်

တမူး မေ ၂၇

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တမူးမြို့ လွတ်လပ်ရေးပန်းခြံဝင်းအတွင်းရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များ စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးများ ပြုလုပ်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပန်းခြံအတွင်း မြေယာအလှပြုပြင်ခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးသန်းလွင်နှင့် ဒု-ဦးစီးမှူး(အခွန်) ဦးလေးမော်တို့က မေ ၂၁ ရက်က ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်/စည်ပင်)**



မေ ၂၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် အသုံးပြုမည့် AIR SEP နှင့် DENTAL CHAIR အတွက် ပြည်သူထည့်ဝင်ငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဝယ်ယူနိုင်ရန်(၁၈၁–၁၀၄) ငြိမ်းချမ်းရေး မော်တော်ယာဉ်လိုင်းပိုင်၊ မောင်း၊ ရောင်းများ၏ကိုယ်စား ဦးချစ်ရွှေနှင့် ဦးညွှန့်ရွှင်တို့က အလှူငွေကျပ်နှစ်သိန်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာညီညီမင်းအား ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် ဇာဟောရွာ နွေစပါးစိုက်ခင်းကြည့်ရှု

ဂန့်ဂေါ မေ ၁၅

၂၀၀၄ ခုနှစ် နွေရာသီတွင် စိုက်ပျိုးထားသည့် ဂန့်ဂေါမြို့နယ် ဇာဟောရွာ နွေစပါးစိုက်ကွင်းသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့သည် မေ ၁၂ ရက် နံနက်က သွားရောက်ကွင်းဆင်း၍ ရေစုပ်စက်ဖြင့် ရေတင်ခြင်း၊ စုပေါင်း ပေါင်းနှုတ်ခြင်း၊ ဓာတ်မြေဩဇာကြဲပက်ခြင်းတို့ကို အားပေးကြည့်ရှုကြသည်။

စတင်ထွက်ရှိ

နွေစပါးအတွက် လိုအပ်သည့် စက်မောင်းဆီ၊ မြေဩဇာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်ဖြင့် ဖြန့်ဝေပေး၍ ယူရီးယားမြေဩဇာနှင့် ရွှေမေတ္တာမြေဩဇာများကို အချိုးကျ ရောစပ်လျက် အသုံးပြုထားရာ ကောက်ပင်များ သန်စွမ်းပြီး စပါးနှံများ စတင်ထွက်ရှိနေပြီဖြစ်သည်။

ဂန့်ဂေါမြို့နယ်တွင် နိုင်ငံတော်ဆည်မြောင်းရေဖြင့် ဧက ၁၃၉၀၊ ကိုယ့်အားကိုယ်ကိုး ဆည်မြောင်းရေဖြင့် ၃၈၂ ဧက၊ ရေစုပ်စက်ဖြင့် ရေတင်၍ ၄၅၄ ဧက၊ စိမ့်စမ်းရေဖြင့် ၁၀၂ ဧကတို့ကို စိုက်ပျိုးထားရာ နွေစပါး စိုက်ပျိုးဧက ၂၃၂၈ ဧကရှိကြောင်း သိရသည်။ (၄၆၅)

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

စစ်တွေ မေ ၁၉

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်း အဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ် အထောက်အကူပြုကော်မတီဝင်များ တွေ့ဆုံ ဆွေးနွေးပွဲကို မေ ၁၂ ရက်က ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုက်တွန်း

တွေ့ဆုံဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး တက်ရောက်ပြီး အမျိုးသမီးထုအလုပ်အကိုင်ရရှိရေး၊ မိသားစုဝင်ငွေ တိုးအောင် အလုပ်အကိုင် ဆောင်ရွက်နိုင်ရေးစသည်တို့ကို ကူညီဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးမှာကြားသည်။

(မြို့နယ်ပြန်/ဆက်)

ပဲခူးတိုင်း တောင်ငူခရိုင်(၆) မြို့နယ် ၂၀၀၄–၂၀၀၅ ခုနှစ်၊ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို မေ ၂၇ ရက်က ကျင်းပရာ ခရိုင်မန်နေဂျာ ဦးအောင်ကျော်ဦးက တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား ရှင်းလင်းပြောကြားစဉ်။ (၁၄)

ဖဲကြိုးဖြတ်ဖွင့်

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးဝင်း၌ပြုလုပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှကြည်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၂၆)



Job Vacancies
(For Local Service Only)

A NEW FORCE IN PHARMACEUTICAL DISTRIBUTION OF multinational pharmaceutical company in Myanmar is in need of Professional Medical Representatives for immediate hiring.

Post to be replaced:

I. Product Executive (2) Post
II. Key Account Executive (2) Post
III. Field Sales Manager (Ethical) (1) Post
IV. Product Regulatory Officer (1) Post

Qualification: Post I & II.

1. M.B.B.S degree holder
2. Minimum one year experience in pharmaceutical company preference as a product executive
3. Computer literate at least Microsoft words, excel and powerpoint
4. Able to communicate in English both in written and oral
5. Male/ Female with pleasing personality
6. Must be initiative, ambitious, hardworking, honest, aggressive and willing to work overtime

Post III.

1. University graduate, M.B.B.S, B (Pharm), BSc (Nurses) will be an advantage
2. At least 2-3 years experience in pharmaceutical supervisor or manager
3. Able to communicate in English both written and oral
4. Male/ Female with pleasing personality
5. Must be initiative, ambitious, hardworking, honest and aggressive
6. Between 30-35 years old.

Post IV.

1. M.B.B.S degree holder
2. At least 2-3 years experience in Product Regulatory Procedure
3. Able to communicate in English both written and oral
4. Male/ Female with pleasing personality
5. Must be initiative, ambitious, hardworking, honest and aggressive
6. Between 25-35 years old.

If you are the right person with the right qualification we are looking for, apply to us and you'll get the best compensation package in the industry. Please bring your curriculum vitae & labour registration card with two recent photos. Pls submit 10th to 12th June.

PHARMA TRADING CO., LTD.
2nd Floor, 5/3-4, Aung San Stadium, North Wing, Gyo Phyu Street, Mingalar Taung Nyunt TS, Yangon, Union of Myanmar.



မြေပွေး၊ မြေဟောက်များအလိုရှိသည်

၁။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် မြွေပွေး၊ မြွေဟောက်အရှင်များကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလျက်ရှိပါသည်။

ဝယ်ယူမည့်အမျိုးအစား	အရေအတွက်	ဈေးနှုန်း
(က)မြွေပွေး(အကြီး)	၁၂၀၀ကောင်	၃၀ဝိ/–
၅ဝိ/သားအထက်	(တစ်ထောင့်နှစ်ရာတိတိ)	(ကျပ်သုံးရာတိတိ)
(ခ)မြွေပွေး(အသေး)	၁၈၀၀ကောင်	၁၅ဝိ/–
၅ဝိ/သားအောက်	(တစ်ထောင့်ရှစ်ရာတိတိ)	(ကျပ်တစ်ရာ့ငါးဆယ်တိတိ)
(ဂ)မြွေဟောက်(အကြီး)	၇၅၀ကောင်	၂၀ဝိ/–
၅ဝိ/သားအထက်	(ခုနှစ်ရာ့ငါးဆယ်တိတိ)	(ကျပ်နှစ်ရာတိတိ)
(ဃ)မြွေဟောက်(အသေး)	၂၅၀ကောင်	၁၀ဝိ/–
၅ဝိ/သားအောက်	(နှစ်ရာ့ငါးဆယ်တိတိ)	(ကျပ်တစ်ရာတိတိ)

၂။ မြွေရောင်းချလိုသူများသည် အသေးစိတ်သိလိုသော အကြောင်းအရာများကို ရုံးချိန်အတွင်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ၊ ကြို့ကုန်း၊ အင်းစိန်၊ တယ်လီဖုန်းအမှတ်–၆၆၃၄၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မုံရွာမြို့၊ ကျောက္ကာလမ်းနေ
ဦးချိတ်(Omega Star Media Group)-ဒေါ်ယောက်
တို့၏သား
မောင်ဇော်နိုင်မိုး
B.Sc(Maths;) Dip in Business Management
(Farmer Phoyarzar Co.,Ltd.)
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ
(ဦးမြင့်အောင်)-ဒေါ်သန်းသန်းတို့၏ တစ်ဦးတည်းသောသမီး
မဇာမွန်အိ
B.A (Business Management), Dip in Accounting (LCCI, UK)
(Myanstar Garment Co.,Ltd)

တို့၏ ၂၅-၅-၂၀၀၄နေ့တွင် နေအိမ်၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားသူကြီး ဒေါ်တင်တင်ထွန်း(ဦးစီးအရာရှိ)၊ မင်္ဂလာရက်မြတ်ချိန်ခါများ ရွေးချယ်ပေးသော မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ချုပ် အတွင်းရေးမှူး ဦးလှဝင်း၊ ၃၀-၅-၂၀၀၄နေ့တွင် International Business Centre ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်(အထွေထွေခွဲစိတ်ကုပါရဂူ)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော Ngwe Kachin Group မန်နေးဂျင်းဒါရိုက်တာ ဦးစိုင်းကျော်ရွှေနှင့်ဇနီး ဒေါ်နန်းသန်းထွေး၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော Farmer Phoyarzar Co.,Ltd မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်တင်၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ဦးသန်းထိုက်နှင့်ဒေါ်ကေခိုင်ညွန့်(ဂမုန်းရှင်ဆေးရောင်းဝယ်ရေး)၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးမိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော မဟေမာနေဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ မေတ္တာဖြင့်မင်္ဂလာပန်းကြဲပေးသော မနွေမိမိအောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မချောစုအောင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မဖြိုးရတနာထွန်း၊ မင်္ဂလာဝတ်စုံ ဆံပင်မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံမလိမ္မာ(မြန်မာစာ)နှင့် Myanmar Image အဖွဲ့၊ Video ဓာတ်ပုံ IBC အဖွဲ့၊ IBC မှ ဝန်ထမ်းများ၊ မိတ်ဆွေသင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဇော်နိုင်မိုး-ဇာမွန်အိ။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ်(၇၈၈)နေ ဦးညွန့်လှိုင်-ဒေါ်ဝင်းဝင်းတို့၏သား
မောင်ကျော်သီဟ (Director)
AUNG KYAW HTOO INDUSTRIAL ENGINEERING CO.,LTD. နှင့်
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၈/E)ရပ်ကွက်၊ အမှတ်(၂၃)နေ ဦးတင်စိန် (ကုန်ဝန်ထောက်၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-(ဒေါ်စန်းမြင့်)တို့၏ ဒုတိယသမီး
မစောယုဝါစိန်

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၁၅-၅-၂၀၀၄ရက်တွင် ရန်ကုန်တိုင်း တရားရုံးချုပ်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သီဟ-မစောယုဝါစိန်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၃လမ်း၊ အမှတ်(၁၁၅)နေ ဦးသန်းထွန်း(လဝက ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါ်အေးအေးသန့်(ခ)ဒေါ်အုံးကျင်တို့၏သား
မောင်သိန်းဝင်းထွန်း B.A(Hist:)
Hanseatic Shipping Co., Ltd
နှင့်
ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၂)လမ်း၊ အမှတ်(၄၁၈)နေ ဦးရှိန်-ဒေါ်သန်းဝင်းတို့၏သမီး
မကေတုလှိုင် B.A(Philo:)

တို့သည် နှစ်ဖက်မိဘများ၏ခွင့်ပြုချက်အရ ၂၈-၅-၂၀၀၄နေ့တွင် တွဲဖက်မြို့နယ် တရားသူကြီး(၁) (အထူးအာဏာ)ဦးအေးမောင်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်သိန်းဝင်းထွန်း-မကေတုလှိုင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၁လမ်း၊ အမှတ်၇၆၅နေ
(ဦးဟန်ငွေး)-ဒေါ်နွဲ့နွဲ့စန်း(မငယ်လေး)တို့၏သား
မောင်ဇော်မျိုးထိုက် (First Year)Psychology
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်၁၄၆နေ
ဦးငွေစိုး[ဦးစီးအရာရှိ(စုံစမ်းရေး)အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန]-ဒေါ်နုနုငွေးတို့၏သမီး
